ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ (4-9-2011) (၆၈၇၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကိုရှာဖွေဖော်ထုတ်ခြင်းဖြစ်

မိမိတို့ချမှတ်သည့် စီရင်ချက်သည် အမှန်တရားသာဖြစ်ထွန်းစေရမည်

ရန်ကုန် စက်တင်ဘာ ၃

တရားသူကြီးများသည် တရားစီရင်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးအခြေခံမူများနှင့်အညီ ထမ်းရွက်ကြရမည်ဖြစ်ကြောင်း၊ တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကို ရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်ကြောင်း၊ အမှန်ကိုတွေ့ပြီးမှ ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ တရားစီရင်ရေးနှင့်သက်ဆိုင်သည့် အခြေခံအချက်များကို ပိုင်နိုင်ရန်လိုကြောင်း၊ အချက်အလက်များနှင့် ဥပဒေတို့က အမှုကို ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ချမှတ်သည့်စီရင်ချက်သည် အမှန်တရားသာ ဖြစ်ထွန်းစေရမည်ဆိုသည့် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်ကြရန်နှင့် မိမိကိုယ်တိုင် အဂတိလိုက်စားမှုကင်းရှင်းပြီး မိမိလက်အောက်ဝန်ထမ်းများ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများအား တွေ့ဆုံမှာကြားရာ၌ ထည့်သွင်း ပြောကြားသွားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် နံနက် ၉ နာရီတွင်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လေ့ကျင့်ဌာန၌ ကျင်းပသည့် ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဒုတိယမြို့နယ်တရားသူကြီးများအနေဖြင့် ဥပဒေရေးရာ၊ တရားစီရင်ရေးရာ၊ တရားရုံး စီမံခန့်ခွဲရေးရာလုပ်ငန်းများတွင် အရည်အသွေး တိုးတက်မြင့်မားနေစေရန်နှင့် အမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်နိုင်ရန်ရည်ရွယ်ပြီး သင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နောင်တစ်ချိန် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်ကြရန် ယခုကတည်းက အရည်အချင်းမြင့်မားပြီး တရားစီရင်ရေးတာဝန်ကို ယုံကြည်စိတ်ချစွာ အပ်နှံခြင်းခံထိုက်သူများဖြစ်အောင် သင်တန်းကပို့ချလိုက်သည့် ဘာသာရပ်များကို အလေးထား မှတ်သားကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

သတင်းအညွှန်း

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကဏ္ဍစုံ ကြိုတင်ပြင်ဆင်

(သတင်း)စာမျက်နှာ - ၇

ရေနံယိုဖိတ်မှုကြောင့် ရေနံထုတ်လုပ်မှု ရပ်ဆိုင်းရန် အမေရိကန်ကုမ္ပဏီကို တရုတ်အစိုးရ ညွှန်ကြား

(သတင်း)စာမျက်နှာ - ၄

ဂန္ဓမာလက်ကားဈေး မကြာမီ ဖွင့်မည်

(သတင်း)စာမျက်နှာ - ၆

ဘာကလေ ပရီမီယာလိဂ် တစ်လတာ အကောင်းဆုံးဆု ဒီဇီကိုနှင့် ဟာဂူဆန် ရရှိ

(သတင်း)စာမျက်နှာ - ၁၀

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၉-၂၀၁၁)

ကျိုက်မရော	၇	ဒသမ	၂၉	လက်မ
ပေါင်	၄	ဒသမ	၆၅	လက်မ
မုဒုံ	၄	ဒသမ	၆၅	လက်မ
လောင်းလုံ	၄	ဒသမ	၀၂	လက်မ
မော်လမြိုင်	၃	ဒသမ	၅၈	လက်မ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ဟက်တာ ၂၀ စက်မှုလယ်ယာစနစ် မြေယာဖော်ထုတ်နေသော လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တောင်သူပညာပေးစိုက်ခင်းများ ကြည့်ရှု စက်မှုလယ်ယာစနစ် မြေပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေးအထူးအထွက်တိုး ဧက ၄၀ စိုက်ခင်းသို့ ရောက်ရှိလာရာ စိုက်ခင်းတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းက သက်တမ်း ၈၄ ရက်သားရှိပြီး အနှံများစုံညီစွာထွက်ရှိနေသည့် စပါးပင်များ ဖြစ်ထွန်းအောင်မြင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရိတ်သိမ်းချိန်ကာလအထိ အလေအလွင့်မရှိစေရေးအတွက် အထူးဂရုပြု ဆောင်ရွက်ရန် အချက်များနှင့် ထွက်ရှိနေသောပင်ပွားများအနက်မှ ခေါင်နှံများ ရင့်မှည့်ရိတ်သိမ်းရန် အချိန်ကျရောက်သည်အထိ အောင်စေ့အောင်နှံ မရနိုင်တော့သည့်အပင်များကို မှတ်တမ်းထားရှိရန်၊ ထိုကဲ့သို့အောင်နှံ မရနိုင်တော့သည့်ပင်ပွားများ လိုသည်ထက် ပိုမထွက်ရန်မည်သို့တားဆီးနိုင်မည်ကို ပညာရှင်များက သုတေသနပြု၍ တောင်သူပညာပေး ဆောင်ရွက်ရန် မှာကြားပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ဟက်တာ ၂၀ စက်မှုလယ်ယာစနစ် မြေယာဖော်ထုတ်နေသော လုပ်ငန်းခွင်၌ စက်မှုလယ်ယာဦးစီးဌာန **စာမျက်နှာ ၈ ကော်လံ ၁ သို့**✤

၄-၉-၂၀၁၁
(တနင်္လာနေ့)

ရာသီမရွေး ခြင်နှိမ်နင်းရေး အလေးထား

စွတ်စိုထိုင်းမှိုင်းသော မိုးရာသီကာလတွင် ခြင်ပေါက်ပွားမှု အများဆုံး ဖြစ်သည်။ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအနက် ခြင်ကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါများသည် အများဆုံးဖြစ်နိုင်သည်။ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် နှာစေးချောင်းဆိုး အအေးမိရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကြရပေမည်။

တောတောင်စိမ့်စမ်းရေများတွင် ပေါက်ပွားသော ခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်နိုင်သည်။ ခရီးသွားလာမှုများပြားလာသည်နှင့်အမျှ ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါ ကူးစက်နိုင်ပြီး ရောဂါပြင်းထန်ပါက သေဆုံးနိုင်သည်။ ဒေသအများအပြားတွင် ငှက်ဖျားရောဂါကူးစက်မှုရှိနေသဖြင့် ငှက်ဖျားကြောင့် သေဆုံးမှုလျော့နည်းပပျောက်ရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်ကြရပေမည်။

ရောဂါဖြစ်ပွားသူများအား ကုသပညာပေးမှုများသာမက ငှက်ဖျားရောဂါကာကွယ်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ငှက်ဖျားရောဂါအဖြစ်များသည့် မြို့နယ်များရှိ ဆေးရုံ၊ ဆေးပေးခန်းများတွင် ရောဂါစစ်ဆေးသည့် ပစ္စည်းကိရိယာများ၊ ငှက်ဖျားကာကွယ်ဆေးများ အခမဲ့ ဖြန့်ဝေပေးခြင်း၊ တာရှည်ခံ ဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို မပြတ်ကူညီ လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများအနက် ဂရုပြုကာကွယ်ရမည့် ရောဂါတစ်မျိုးမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်။ အဆိုပါရောဂါသည် ယခင်က အသက်ငါးနှစ်ဝန်းကျင်မှ ၁၀ နှစ်အရွယ်ကလေးများတွင်သာ အဖြစ်များသည်။ ယခုအခါ လသားအရွယ်မှသည် အသက်ကြီးသူများအထိ ဖြစ်ပွားလာသည်ကို တွေ့ရပြီး တစ်နှစ်ပတ်လုံး ဖြစ်ပွားနိုင်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူသည် အပူချိန်မြင့်မားပြီး အဖျားတာရှည်တတ်သည်။ သုံးရက်ခန့်အထိ အဖျားမကျခြင်း၊ အစာစားချင်စိတ်နည်းခြင်း၊ မကြာခဏအန်ခြင်း၊ အဖျားကျသွားသော်လည်း မှိန်းနေခြင်း၊ ခြေဖျား လက်ဖျားအေးနေခြင်းတို့ဖြစ်ပါက ဆေးရုံဆေးခန်းများသို့ အမြန်သွားရောက်ပြသ ကုသမှုခံယူကြရန် လိုအပ်သည်။ သွေးလွန်တုပ်ကွေးတွင် မတည့်သည့်ဆေးဝါးများရှိသဖြင့် ဆေးများ အလွန်အကျွံတိုက်မိခြင်း၊ မက်ကလောင်ဖောက်ခြင်း စသည့်အပြုအမူများ မပြုလုပ်မိစေရန် သတိပြုကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ခြင်နှိမ်နင်းရေးလုပ်ငန်းများ၊ ပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြပြီ။ မြို့ပြကျေးလက်မကျန် ပြည်သူများအားလုံးက ကျောင်း၊ ဈေးပတ်ဝန်းကျင် ဆေးဖျန်းခြင်း၊ နေအိမ်ဝင်းခြံရေမြောင်းများအတွင်း ခြင်မပေါက်စေရေး ပတ်ဝန်းကျင် သန့်ရှင်းခြင်း၊ ခြင်ကိုက်မခံရစေရန် သတိပြုကာကွယ်နေထိုင်ခြင်းတို့ကို ရာသီမရွေး စဉ်ဆက်မပြတ် ပြုလုပ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၀၀၀	၀. ၀၃၃၄၄
တရုတ် (ယွမ်)	၆. ၃၈၄၀၀	၀. ၁၅၆၆၄
အိန္ဒိယ (ရူပီး)	၄၅. ၇၈၀၀	၀. ၀၂၁၈၄
မလေးရှား (ရင်းဂစ်)	၂. ၉၆၄၅၀	၀. ၃၃၇၃၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၆၀	၀. ၈၃၀၈၄
ဂျပန် (ယန်း)	၇၆. ၈၁၀၀	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၀၆၅. ၄၅	၀. ၀၀၀၉၄
ယူရို	၀. ၇၀၄၂၀	၁. ၄၂၀၀၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၅၄	၁. ၆၂၁၉၅

အင်တာနက်။

ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁) စံပြအခြေခံပညာမူလတန်းကျောင်း စုဝေးခန်းမ၌ ဩဂုတ် ၂၀ ရက်က ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ ပထမဆုရ မနွယ်ဦးဝေအား မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကုန်သွယ်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန်   စက်တင်ဘာ   ၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ရန်ကုန်တိုင်းဒေသကြီးရုံး၌ ကျင်းပသည့် ကုန်သွယ်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ပြည်ပကုန်သွယ်ရေးသည် အရေးကြီးသည့်စီးပွားရေးကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးတက်မှုမှတစ်ဆင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ကြောင်း၊ အစိုးရသစ် တာဝန်ယူချိန်မှ ငါးလတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ထက် သိသိသာသာ ပိုမိုတိုးတက်လာခဲ့ကြောင်း၊ ယခင်နှစ် ယခုအချိန်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၆ ဘီလီယံသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ၇ ဒသမ ၄၆ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့အတူ ပို့ကုန်ရော သွင်းကုန်ပါ ယခင်နှစ်ကထက် ပိုမိုတင်ပို့တင်သွင်းနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပုဂ္ဂလိကများ အဓိကလုပ်ဆောင်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့တွင် ပို့ကုန်သိသိသာသာ တိုးချဲ့တင်ပို့နိုင်ခဲ့ပြီး ရော်ဘာ၊ ရေထွက်ပစ္စည်း၊ နှမ်း၊ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုသည် ယခင်နှစ်ကထက် အနည်းငယ်လျော့ကျခဲ့ကြောင်း၊ သွင်းကုန်ကဏ္ဍတွင်လည်း ယမန်နှစ်က ယခုအချိန်တွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံသာ တင်သွင်းခဲ့သော်လည်း ယခုနှစ်တွင် ၃ ဒသမ ၈၄ ဘီလီယံအထိ သိသိသာသာ တိုးချဲ့တင်သွင်းခဲ့ကြောင်း။

ကုန်သွယ်မှုနှင့်ပတ်သက်၍ ပို့ကုန်၊ သွင်းကုန်လိုင်စင်များ တစ်ပတ်အတွင်း ရရှိအောင်ဆောင်ရွက်ပေးနေခြင်း၊ ပို့ကုန်သွင်းကုန် လုပ်ဆောင်ရာတွင် လုပ်ငန်းရှင်များအားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်ပေးနေခြင်း၊ လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများကို အကန့်အသတ်မဲ့ တင်သွင်းခွင့်ပြုနေခြင်း၊ စက်သုံးဆီနှင့် စားအုန်းဆီများကိုလည်း ပြည်တွင်းသုံးစွဲမှုလုံလောက်အောင် တင်သွင်းခွင့်ပြုနေခြင်း၊ ပို့ကုန်ပစ္စည်း ရှစ်မျိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းကို ခြောက်လ ယာယီကင်းလွတ်ခွင့်ပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အမေရိကန် ဒေါ်လာဈေးနှင့် Earning ဈေးကျဆင်းမှုများရှိခဲ့သည့်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်သည့်အခါ အခက်အခဲများရှိနိုင်ကြောင်း၊ ပို့ကုန်သွင်းကုန်များ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်ကလည်း နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်အသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် ညီနောင်အသင်း ၂၃သင်းမှ ဥက္ကဋ္ဌများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန်   စက်တင်ဘာ   ၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းမြင့်က " Presentation and Disclosure Checklist- MFRS for SMEs (Auditor's Perspective)" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် ၁/၁၉ သခင်မြ ပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်   စက်တင်ဘာ   ၃

၁၉၈၂ ခုနှစ် (တတိယနှစ်) နှင့် ၁၉၈၃ ခုနှစ် (စတုတ္ထနှစ်) ဘူမိဗေဒကျောင်းသား၊ ကျောင်းသူများ၏ (၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကိုညဏ်ဝင်း-မသန္တာအေး ဖုန်း-၇၂၂၀၇၂၊ ကိုအောင်မိုး-မမူမူရှိန် ဖုန်း-၂၂၅၂၀၃၊ ကိုကျော်ဦးလွင်-မခင်ဝါဇော် ဖုန်း-၃၈၆၅၉၆၊ မစန်းယုမေ ဖုန်း-၀၉-၅၀၅၇၉၄၅၊ ကိုတင်အောင်ဝင်း ဖုန်း-၂၄၀၀၅၄၊ မစန်းလှဲ့ (မိတိုး) ဖုန်း-၀၉-၅၀၃၄၀၆၇၊ မအေးအေး (ပိစိ) ဖုန်း-၂၄၁၂၃၅၊ မချိုချိုအေး ဖုန်း-၀၉-၅၁၈၆၄၀၃၊ ကိုသိန်းပိုင် ဖုန်း-၀၉-၅၁၅၅၆၁၄၊ ကိုမျိုးသန့် ဖုန်း-၀၉-၅၅၀၀၄၁၃၊ ၅၃၈၃၉၈နှင့် ကိုဒေဝ ဖုန်း-၀၉-၅၃၂၁၉၈၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက် ဝယ်ယူဆောက်လုပ်ရန်အတွက် တာမွေမြို့နယ်နေ အသင်းနာယက ဦးမြင့်အောင်၊ ဒေါ်မေသန်း၊ သမီး မခင်မြင့်သန်း၊ သား မောင်ခင်မောင်သန်း၊ မမြင့်မြင့်ကြည်၊ သမီး မခင်ခင်ဝင်း၊ မခင်မျိုးမြင့်မိသားစုက အလှူငွေကျပ် သုံးသိန်းငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အမက(၄၇)သို့ အလှူရှင် ဦးထွန်းလှမောင်-ဒေါ်ခင်မျိုးယု၊ သား မောင်ဖြိုးစည်သူထွန်းမိသားစုက လီတာ ၁၀၀၀ ဆံ့ ရေသန့်စက်တစ်လုံး လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်း လက်ခံစဉ်။ (သတင်းစဉ်)

ကျေးရွာအုပ်စုတွင် အသေးစားချေးငွေထုတ်ချေး

ရန်ကုန်   စက်တင်ဘာ   ၃

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စုတွင် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း၏ ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုရှိ လုပ်ငန်းရှင်များမှ ထည့်ဝင်ငွေကျပ် ၁၀၅ သိန်း ထည့်ဝင်ကြပြီး ချေးငွေ အစုအဖွဲ့ပေါင်း ၆၀ သို့ ကျေးရွာအုပ်စု အသေးစားပုဂ္ဂလိကချေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

စာ ပေ မြင့် မှ လူ မျိုး တင့် မည်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ အောင်သီရိဖောင်ဒေးရှင်း ကျောင်းဆောင်များ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အောင်သီရိဖောင်ဒေးရှင်းက ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးတို့က အသစ်ဆောက်လုပ်ပြီးစီးသည့် စာသင်ခန်း ၂၀ ပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် ကျောင်းဆောင်သစ်အတွင်း ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားကို ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားပြီး အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အောင်သီရိဖောင်ဒေးရှင်း အဖွဲ့ဝင်များက ပုဗ္ဗသီရိမြို့နယ်အတွင်း ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ အောင်သီရိဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းသည့် ပုဗ္ဗသီရိမြို့နယ်အတွင်းမှ ဂုဏ်ပြုဆုရ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ၊ မြို့နယ်အတွင်းမှ ကွန်ပျူတာပညာ စိတ်ဝင်စားသူများအတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးနိုင်ရန် ကွန်ပျူတာ ၁၁ စုံ၊ မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအတွက် ဆေးဝါးများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို တာဝန်ရှိသူများကပေးအပ်ချီးမြှင့်လှူဒါန်းကြပြီး ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်း သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့သည့် ပက်ဆိုးဒင့်သွားနှင့် ခံတွင်းအထူးကုဆေးခန်းမှ ဆရာဝန်၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ ကိုးရွာသပြေကုန်းကျေးရွာ အမှတ်(၅၄) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဆိတ်နံတုန်းကျေးရွာ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတို့ကို ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်ပေးခဲ့သည့် ကျောင်းဆောင်များကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အောင်သီရိ ဖောင်ဒေးရှင်းသည် အဆိုပါ ကျောင်းလေးကျောင်းအပြင် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာ အမှတ်(၁၉၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ရွာသစ်ကျေးရွာ အမှတ်(၁၈၆)အခြေခံပညာ မူလတန်းကျောင်းနှင့် ကြံတဲစုကျေးရွာ အမှတ်(၉၅) အခြေခံပညာမူလတန်းကျောင်းတို့၌ ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်ပြီးစီးခဲ့သော ကျောင်းဆောင်သစ်များကိုလည်း ပညာရေးဝန်ကြီးဌာနသို့ ယနေ့လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့အပြင် အဆိုပါကျောင်းခုနစ်ကျောင်းအတွက် စာသင်ခုံများနှင့် ကျောင်းသုံး ပရိဘောဂများကိုလည်း လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် အဖွဲ့ဝင်များ အောင်သီရိဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသော နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ ပို့ကုန်တန်ဖိုးမြှင့်မားရန် တရားမဝင်ကူးသန်းရောင်းဝယ်မှု ပပျောက်အောင်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၃

မိမိတို့ ဒေသစီးပွားရေး တိုးတက်ကောင်းမွန်ရေးနှင့် ကုန်သွယ်ပစ္စည်းများကို ဒေသတွင်းစားသုံးမှုထက် ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်မြှင့်တင်ပြီး အရည်အသွေးမှန်၊ ဈေးနှုန်းမှန်ဖြင့် ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း၊ ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့် ထုတ်ကုန်များ (Value Added) ထုတ်လုပ်တင်ပို့ရောင်းချခြင်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းများကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ကုမ္ပဏီ လုပ်ငန်းရှင်များအပိုင်းက ပို့ကုန်တန်ဖိုး မြင့်မားတိုးတက်ရေးတို့အတွက် တရားမဝင်ကူးသန်း ရောင်းဝယ်ရေး (Illegal Trade) လျော့နည်းပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်မှ ထိရောက်စွာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေး ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းမှာကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးမြအောင်က နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်တင်ပြပြီး နယ်စပ်ကုန်သွယ်ရေး (စစ်တွေ)စခန်း စခန်းတာဝန်ခံ၊ အကောက်ခွန်ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ပြည်နယ်တာဝန်ခံများ၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ OSS အဖွဲ့ဝင်ဌာနဆိုင်ရာတာဝန်ခံများနှင့် တက်ရောက်လာကြသည့် ကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်မှု မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည်။ (သတင်းစဉ်)

ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံစာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာနဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ၁၀လကြာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းရုံးအမှတ်(၁၂) နေပြည်တော်၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ အပတ်စဉ်တနင်္လာနေ့မှ စနေနေ့ အထိ နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ဘွဲ့ရအစိုးရဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရုံးချိန်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရုံးအမှတ် (၁၂)သို့ လူကိုယ်တိုင် လာရောက်ဝယ်ယူနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၂၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

စူပရင်းကုမ္ပဏီများအုပ်စု ဆင္ဌမအကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၃

စူပရင်းကုမ္ပဏီများအုပ်စု ဝန်ထမ်းမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပြင်ပစေတနာရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ရုံးချုပ်တည်ရှိရာ ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကျင်းပသည်။ **(ဝဲပုံ)**

စုပေါင်းလှူဒါန်းပွဲ မစတင်မီ အင်းစိန်မြို့နယ်ရှိ ဇေယျသိဒ္ဓိမဟာသွံ့ဿရကျောင်းထိုင်ဆရာတော် ဦးကုမာရအမှူးပြုသည့် သံဃာတော်ငါးပါးအား ပင့်ဖိတ်၍ ရေစက်ချတရားနာယူပြီး နေ့ဆွမ်းနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် မွန်းလွဲ ၁ နာရီမှ စတင်၍ စူပရင်းကုမ္ပဏီများအုပ်စုမှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗဟိုစည် အိမ်ရာဝင်းအတွင်းရှိ အခြားကုမ္ပဏီများမှ ဝန်ထမ်းများနှင့် ပြင်ပအလှူရှင်များ စုပေါင်းသွေးလှူဒါန်းကြရာ သွေးလှူဘဏ်မှ တွဲဖက်ပါမောက္ခ တာဝန်ခံဆရာဝန်ကြီး ဒေါ်သီတာအောင်နှင့်အဖွဲ့ကသွေးများကိုလက်ခံရယူကြသည်။

ယင်းနောက် သွေးလှူဘဏ်အတွက် အလှူငွေ ကျပ် ၂၆၀၀၀၀ ကို စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်သန္တာမိသားစုတို့က လှူဒါန်းသည်။

သွေးလှူပွဲတွင် သွေးအလှူရှင်များကို နံနက်စာဖြင့် ဧည့်ခံခြင်း၊ ဟောလစ်၊ အားဆေး၊ ရေသန့်ဘူး၊ ကြက်ဥနှင့် အခြားထောက်ပံ့ပစ္စည်းများအဖြစ် သော့ချိတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို စူပရင်းကုမ္ပဏီများအုပ်စုက ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် Mega Lifescience ဆေးကုမ္ပဏီမှ Ferrovit အားဆေးများကို သွေးလှူရှင်များအား ပါဝင်ကူညီလှူဒါန်းပေးကြသည်။

စူပရင်းကုမ္ပဏီများအုပ်စုသည် (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲအထိ အလှူရှင်စုစုပေါင်း ၆၀၀ ကျော်တို့က သွေးလှူဒါန်းပြီး ဖြစ်သည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄	၁။	နိုင်ငံတော်သီချင်း
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၀	၄။	**ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၁၀)**
၁၁း၄၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဝက်ပါ၏ထွက်ပေါက်**
၁၂း၃၀	၆။	ကျန်းမာသုတ
၁၂း၃၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၁၂း၄၀	၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၁၃)**

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	လျှပ်တစ်ပြက်
၄း၃၀	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅	၇။	မြန်မာ့ရှုခင်း
၅း၀၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၉။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ဘဝကြေးမုံ (ရုပ်ရှင်သည်ကြီး) (ဦးဇော်ခင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဘုန်းသိုက်)
၆း၅၀	၁၃။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၄၆)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၀။	ပဟေဠိနန်းတော်
	၂၁။	ကျန်းမာသုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	FIFA BEACH SOCCER WOELD CUP RAVENNA 2011 - Venezuela Vs Nigeria(Live)
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၇၉)**
	၂၅။	FIFA BEACH SOCCER WOELD CUp RAVENNA 2011 - Maxico Vs Brazil (Live)

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၃

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၄ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

စကင်နာစက်များ အမှားများ ဂျာမန် လေဆိပ်များ၌ မတပ်ဆင်ရန်ဆုံးဖြတ်

ဘွန်း စက်တင်ဘာ ၃

ဂျာမနီနိုင်ငံတစ်ဝန်းရှိ လေဆိပ်များ၌ ခရီးသည်များ၏ ကိုယ်ခန္ဓာကိုရှာဖွေစစ်ဆေးသည့် စက်ကိရိယာများအား တပ်ဆင်ခြင်း မပြုရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသည်။

လေဆိပ်များ၌ ခရီးသည်များအားစစ်ဆေးသည့် စကင်နာစက်ကိရိယာများတပ်ဆင်ရန် ရှေ့ပြေးစီမံကိန်းတစ်ရပ်အဖြစ် ဟမ်းဘတ်မြို့ရှိ လေဆိပ်တွင် စမ်းသပ်မှုများပြုလုပ်စေခဲ့သည်။

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘတ်လေဆိပ်၌ ယမန်နှစ်စက်တင်ဘာလမှ ယခုနှစ် ဇူလိုင်လအထိ စကင်နာ စက်ကိရိယာဖြင့် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဟမ်းဘတ်လေဆိပ်၌ ခရီးသည် ၈၀၀၀၀၀ ခန့်ကို စကင်နာစက်ကိရိယာဖြင့် ရှာဖွေစစ်ဆေးရာတွင် စကင်နာစက်ကိရိယာ၏ သတိပေးချက် ၇၀ ရာခိုင်နှုန်းမှာ လွဲမှားသော သတိပေးချက်များဖြစ်နေကြောင်း လေ့လာတွေ့ရှိခဲ့သည်။

စကင်နာ စက်ကိရိယာများသည် ခန္ဓာကိုယ်အတွင်း လျှို့ဝှက်စွာ ယူဆောင်လာသော ပစ္စည်းများကို ဖော်ထုတ်ပေးရန်ဖြစ်သော်လည်း ယင်းစက်ကိရိယာများ၏ ရှာဖွေစစ်ဆေးမှုများမှာ တိကျမှန်ကန်မှုမရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

ခရီးသည်များဝတ်ဆင်ထားသော အဝတ်အစား၊ ဘွတ်ဖိနပ်နှင့် ဇစ်ပိတ်ထားသောအိတ်များကို ထွင်းဖောက်ကာ ရှာဖွေစစ်ဆေးရာ၌ စကင်နာစက်ကိရိယာများက အထောက်အကူပေးမည်ဟု ယူဆခဲ့ကြသည်။

သို့ရာတွင် ရှေ့ပြေးစီမံကိန်းစမ်းသပ်ချက်အရ စကင်နာစက်ကိရိယာများ၏ လုပ်ဆောင်ချက်များမှာ တိကျမှန်ကန်မှု မရှိကြောင်း၊ သို့ဖြစ်၍ လောလောဆယ်ကာလ၌ ဂျာမနီနိုင်ငံတစ်ဝန်းရှိ လေဆိပ်များ၌ ယင်းကိရိယာများကိုတပ်ဆင်ဦးမည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ **အင်တာနက်။**

ဂျပန်နိုင်ငံအနောက်ပိုင်း ရှီကိုကူးကျွန်းတွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ကာ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်နိုင်ငံ ရှီကိုကူးကျွန်းတွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ် လူနှစ်ဦးသေဆုံး၊ ငါးဦးပျောက်ဆုံးကာ ၄၀ ကျော် ဒဏ်ရာရ

အိုဆာကာ စက်တင်ဘာ ၃

စက်တင်ဘာ ၃ ရက်က ဂျပန်နိုင်ငံအနောက်ပိုင်း ရှီကိုကူးကျွန်းတွင် အင်အားပြင်းထန်သော တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးကာ ငါးဦးမှာပျောက်ဆုံးနေပြီး လူ ၄၀ ကျော်မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

အိုင်မီ စီရင်စု မတ်ဆုယာမာမြစ်အတွင်း၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် အသက် (၃၀)ကျော်အရွယ် အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိရပြီး နာမာရာ စီရင်စု တိုဆုကာဝါကျေးရွာတွင် မြေပြိုမှုကြောင့် လွင့်ပါခဲ့သည့် နေအိမ်တစ်လုံးအတွင်း၌ အသက်(၇၃)နှစ်အရွယ် အဘိုးအိုတစ်ဦးသေဆုံးခဲ့သည်။ ၎င်းအပြင် တိုကူရှိုးမား၊ ဟီရိုရှိုးမား၊ ဝါကာယားမားနှင့် ကာဂိုရှိုးမားစီရင်စုများမှ လူငါးဦးတို့ ပျောက်ဆုံးနေသည်ဟု ဆိုသည်။

တိုင်ဖုန်းမုန်တိုင်းရာသီ၏ ၁၂ ခု မြောက်မုန်တိုင်း တာလက်စ်တိုက်ခတ်မှုကြောင့် ဂျပန်နိုင်ငံ အနောက်အလယ်ပိုင်းမှ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းခဲ့ရပြီး စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြည်တွင်းလေကြောင်းခရီးစဉ် ၃၇၅ ခုနှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ် ၁၇ ခုကို ဖျက်သိမ်းခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်ရာဒေသရှိ ကင်ကီဒေသနှင့် ရှီမာနေစီရင်စုရှိ လူနေအိမ်ခြေ ၇၆၃၀၀ တို့မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်ပြီး မှောင်အတိကျနေသည်ဟု သတင်းတွင်ဖော်ပြထားသည်။

ရှီကိုကူးကျွန်းရှိ ရထားခုတ်မောင်းပြေးဆွဲမှုအားလုံးကိုလည်း ရပ်ဆိုင်းထားလိုက်ပြီး တိုကိုင်ဒိုရှင်ကန်ဆန် ကျည်ဆန်ရထား ၃၄ စင်း၏ ခရီးစဉ်များကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ၄၆ မိနစ်ကြာ ရွှေ့ဆိုင်းခဲ့သည်ဟု ဆိုသည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်းသည် ၎င်း၏ သဘာဝအရ နှေးကွေးစွာ ရွေ့လျားပြီး မိုးသည်းထန်စွာရွာလေ့ရှိကာ ဂျပန်ကျွန်းစုကို ဧရိယာကျယ်ပြန့်စွာ ဖြတ်သန်းသွားမည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားပြီး မြေပြိုမှုနှင့် ရေကြီးမှုဖြစ်ပေါ်နိုင်ကြောင်း နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်းသည် စက်တင်ဘာ ၃ ရက် အစောပိုင်းတွင် ရှီကိုကူးကျွန်း ကိုချီ စီရင်စုမှ စတင်၍ ကုန်းမြေသို့ ဝင်ရောက်ခဲ့ပြီး ယနေ့ညနေ ဒေသစံတော်ချိန် ၃ နာရီတွင် မုန်တိုင်းဗဟိုချက်အနီး၌ လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ၁၄၄ ကီလို မီတာရှိကာရှီကိုကူးကျွန်း၏မြောက်ပိုင်းကို ဖြည်းညင်းစွာ ရွေ့လျားနေသည်ဟု မိုးလေဝသဌာနမှ ထုတ်ပြန်သည်။

ဆင်ဟွာ။

မှောင်ခိုတင်သွင်းလာသော ဆင်စွယ်များကို မလေးရှား သိမ်းဆည်း

ကွာလာလမ်ပူ စက်တင်ဘာ ၃

မလေးရှားနိုင်ငံသည်လွန်ခဲ့သည့်နှစ်လတာကာလအတွင်း ပြည်ပမှသီးခြားစီ မှောင်ခိုတင်သွင်းလာသော ဆင်စွယ်အချောင်းပေါင်း ၁၀၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း နယူးစထရိတ်တိုင်းမ် သတင်းစာက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြသည်။

မလေးရှားနိုင်ငံတောင်ပိုင်း ပါစီဂူဘန်းပင်လယ်ဆိပ်ကမ်း၌ ဇူလိုင် ၈ ရက်က ကုန်သေတ္တာတစ်လုံးအတွင်းမှ ဆင်စွယ် ၄၀၅ ချောင်းကို အကောက်ခွန်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး တာဝန်ရှိသူများက သိမ်းဆည်းရမိခဲ့သည်။ ယင်းကုန်သေတ္တာကို တင်ဆောင်လာသောသင်္ဘောသည် အာဖရိကတိုက်ရှိ အမည်မဖော်သော နိုင်ငံတစ်နိုင်ငံမှ စတင်ထွက်ခွာလာခဲ့ပြီး စင်ကာပူနိုင်ငံမှတစ်ဆင့် မလေးရှားပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့ကြောင်း သတင်းစာကရေးသားသည်။

နောက်တစ်လအကြာတွင် အာရပ်စော်ဘွားများပြည်ထောင်စုမှ မလေးရှားနိုင်ငံမြောက်ပိုင်း ဘတ်တာဝါပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့သော သင်္ဘောတစ်စင်းပေါ်မှ ကုန်သေတ္တာတစ်လုံးအတွင်း ဆင်စွယ်များကို ရှာဖွေတွေ့ရှိခဲ့သည်။

သိမ်းဆည်းရမိသော ဆင်စွယ်များမှာ အာဖရိကဆင်မျိုးမှ ဆင်စွယ်များဖြစ်ကြသည်။

ဆင်စွယ်မှောင်ခိုထုတ်သူများက ကုန်သေတ္တာတွင်းပါရှိသော ကုန်ပစ္စည်းများကို အထပ်သားဟူ၍လည်းကောင်း၊ ပလတ်စတစ်ဟူ၍လည်းကောင်း လိမ်လည်ဖော်ပြခဲ့ကြောင်း သတင်းစာက ရေးသားသည်။

မလေးရှားနိုင်ငံသည် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပစ္စည်းများ မှောင်ခိုသယ်ဆောင်ရာလမ်းကြောင်းတွင် ကြားစခန်းအဖြစ် ရပ်တည်နေကြောင်း၊ လွန်ခဲ့သည့်လက မလေးရှားမှ ဟောင်ကောင်သို့ တင်ပို့သောကုန်သေတ္တာအတွင်း ဆင်စွယ်အလေးချိန်နှစ်တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **အင်တာနက်။**

ရန်သူဟုယူဆရသူများကို လုပ်ကြံရန် လျှို့ဝှက်တပ်ဖွဲ့များ အမေရိကန်ထူထောင်

ဝါရှင်တန် စက်တင်ဘာ ၃

ကမ္ဘာတစ်ဝန်း မည်သည့်အရပ်ဒေသ၌မဆို အထူးသဖြင့် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများ၌ ရန်သူဟု ယူဆရသူများကို လုပ်ကြံသတ်ဖြတ်ရန် လေ့ကျင့်ပေးထားသည့် လျှို့ဝှက်တပ်ဖွဲ့အား အမေရိကန်စစ်ဘက်က ထူထောင်ထားကြောင်း စနေနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေသော ဝါရှင်တန်ပို့(စ်)သတင်းစာတွင် ဖော်ပြထားသည့် သတင်းတစ်ပုဒ်၌ ပူးတွဲအထူးစစ်ဆင်ရေးတပ်ဖွဲ့ (ဂျေအက်စ်အိုစီ) ဟုခေါ်သော တပ်ဖွဲ့တစ်ဖွဲ့ကို အမေရိကန်စစ်ဘက်က ထူထောင်ထားကြောင်း၊ ၎င်းအဖွဲ့ကို ကမ္ဘာအနှံ့အပြားမှ အကြမ်းဖက်သမားများဟု သံသယရှိသူများအား လုပ်ကြံသတ်ဖြတ်ရန်၊ ထောင်သွင်းအကျဉ်းချထား၍ စစ်ကြောမေးမြန်းရန် တာဝန်ပေးထားကြောင်း ရေးသားထားသည်။

ဂျေအက်စ်အိုစီသည် အကြမ်းဖက်သမားများဟု သံသယရှိသူများကို ၎င်းတို့ကိုယ်ပိုင် အကျဉ်းစခန်းများ၌ ချုပ်နှောင်ထားကြောင်း၊ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် စီအိုင်အေပြုမူသကဲ့သို့ လုပ်ဆောင်ကြကြောင်း စက်တင်ဘာ ၂ ရက်ထုတ် ဝါရှင်တန်ပို့စ်ပါ ဆောင်းပါး၌ ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဂျေအက်စ်အိုစီအား ၎င်းတို့အဖွဲ့ကိုယ်တိုင် အကြမ်းဖက်သမားများကို စာရင်းပြုစု၍ ယင်းတို့ကို အရှင်ဖမ်းခြင်းထက် အသေသတ်ဖြတ်ရန် ခွင့်ပြုခဲ့သည်ဟု ဆိုသည်။

ဂျေအက်စ်အိုစီ၏ အကြမ်းဖက်သမားများကို လုပ်ကြံသော စစ်ဆင်ရေးအများစုသည် အမေရိကန်နိုင်ငံအတွင်း ပြဋ္ဌာန်းထားသော ဥပဒေများအားချိုးဖောက်ခြင်းဖြစ်သည်ဟု လေ့လာသူများက ဆိုသည်။ ပါကစ္စတန်နိုင်ငံအတွင်း အိုစမာဘင်လာဒင်ကို လုပ်ကြံသတ်ဖြတ်ရာတွင် ၎င်းအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဘိုဟိုင်းပင်လယ်ပြင်အတွင်း ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့သော ကုမ္ပဏီ၏ ကမ်းလွန်ရေနံတူးစင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်းပင်လယ်ဆိပ်ကမ်းများ အင်ဒိုနီးရှား တိုးချဲ့တည်ဆောက်သင့်

ဂျကာတာ စက်တင်ဘာ ၃

အင်ဒိုနီးရှားအစိုးရအဖွဲ့သည် အရှေ့တောင်အာရှဒေသဆိုင်ရာ ဆက်သွယ်မှုမြင့်တင်နိုင်ရန် နိုင်ငံတကာ ပင်လယ်ဆိပ်ကမ်းများကို တည်ဆောက်ခြင်းထက် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ချောမွေ့စေရန် ပြည်တွင်းပင်လယ်ဆိပ်ကမ်းများကို တိုးချဲ့တည်ဆောက်သင့်ကြောင်း အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေး အသင်းက စက်တင်ဘာ ၃ ရက်တွင် တိုက်တွန်းလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများအကြား အပြန်အလှန်ကုန်စည်သယ်ယူပို့ဆောင်ရာ၌ သယ်ယူပို့ဆောင်မှုစရိတ် အလွန်အမင်း မြင့်တက်နေသဖြင့် သယ်ယူပို့ဆောင်ခများကို လျှော့ချနိုင်ရန် ပြည်တွင်းပင်လယ်ဆိပ်ကမ်းများ လိုအပ်နေကြောင်း အဆိုပါအသင်းဥက္ကဋ္ဌဇာဒီက ပြောကြားသည်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံရှိဒေသများမှ မြို့တော်ဂျကာတာသို့ လိမ္မော်သီးများကိုပေးပို့ရာ၌ ကျခံရသောကုန်ကျစရိတ်မှာ တရုတ်နိုင်ငံ သို့မဟုတ် စင်ကာပူမှ ဂျကာတာသို့ လိမ္မော်သီးများတင်ပို့ရာတွင် ကျခံရသောကုန်ကျစရိတ်ထက် ပိုမိုကြီးမားနေကြောင်း ၎င်းကပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ပင်လယ်ဆိပ်ကမ်းများ တိုးတက်ဖွံ့ဖြိုးလာရန် သယ်ယူပို့ဆောင်ရေးအသင်းက လိုလားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ ဒေသဆိုင်ရာ သယ်ယူပို့ဆောင်ရေးစီမံကိန်းအရ အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံတကာပင်လယ်ဆိပ်ကမ်း ၁၄ ခု တည်ရှိလာရန် မျှော်မှန်းသည်။ ယင်းသို့ နိုင်ငံတကာပင်လယ်ဆိပ်ကမ်းများ တည်ရှိလာခြင်းဖြင့် ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ အာဆီယံဘုံဈေးကွက်ကို ထူထောင်နိုင်မည်ဖြစ်သည်။ **အင်တာနက်။**

ရေနံယိုဖိတ်မှုဖြစ်ပွားပြီးနောက် ထုတ်လုပ်မှုရပ်ဆိုင်းရန် အမေရိကန်ကုမ္ပဏီကို တရုတ်အစိုးရ ညွှန်ကြား

ပေကျင်း စက်တင်ဘာ ၃

တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ ကမ်းလွန်ပင်လယ်၌ ကြီးမားသော ရေနံယိုဖိတ်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် ထိပ်တန်းရေနံကုမ္ပဏီဖြစ်သော ကိုနိုကိုဖီးလစ်ကုမ္ပဏီ၏ ရေနံထုတ်လုပ်မှုကို ရပ်ဆိုင်းရန် တရုတ်အစိုးရက စက်တင်ဘာ ၂ ရက်တွင် ညွှန်ကြားလိုက်သည်။

အမေရိကန်နိုင်ငံမှ ကိုနိုကိုဖီးလစ်ကုမ္ပဏီက လုပ်ကိုင်နေသော ကမ်းလွန်ရေနံမြေများအနက် ရေနံမြေတစ်ခု၌ ထုတ်လုပ်မှုများ ရပ်ဆိုင်းရန် တရုတ်အစိုးရက ညွှန်ကြားခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်းကမ်းလွန်ဒေသ၌ ရေနံယိုဖိတ်မှုကို ရပ်တန့်သွားစေရန် ကိုနိုကိုဖီးလစ်ကုမ္ပဏီ၏ လုပ်ဆောင်ချက်မှာ အောင်မြင်မှုမရသဖြင့် မိမိတို့ စိတ်ပျက်ရကြောင်း တရုတ်နိုင်ငံတော် ပင်လယ်သမုဒ္ဒရာစီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ကိုနိုကိုဖီးလစ်ကုမ္ပဏီသည် တရုတ်နိုင်ငံပိုင် ရေနံလုပ်ငန်းကုမ္ပဏီနှင့် ပူးတွဲကာ ကမ်းလွန်ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ဘိုဟိုင်းပင်လယ်အော်အတွင်း ရေနံယိုဖိတ်မှုဖြစ်ပေါ်စေသော ပန်ဂလီ ၁၉-၃အမည်ရှိ ကမ်းလွန်ရေနံမြေ၌ ရေနံ ထုတ်လုပ်မှုကို ရပ်ဆိုင်းရန် တရုတ်အစိုးရက ညွှန်ကြားထားသည်။

ဆင်ဟွာ။

လူမှုစီးပွားဘဝအခြေအနေကောင်းများ ရရှိလာစေရန်အတွက် ဆောင်ရွက်ရန်ရှိသည်များကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်

ရန်ကုန် စက်တင်ဘာ ၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်၊ အာဆီယံဈေးကွက်၊ အာရှဈေးကွက်၊ ကမ္ဘာ့ဈေးကွက်များ၌ ယှဉ်ပြိုင်နိုင်စွမ်းရှိရန်၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုမှတစ်ဆင့် ရရှိလာသည့် အသီးအပွင့်များကို မိဘပြည်သူများအားလုံး ခံစား၊ စံစားနိုင်ပြီး လူမှုစီးပွားဘဝ အခြေအနေကောင်းများ ရရှိလာစေရန်အတွက် ဆောင်ရွက်ရန်ရှိသည်များကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းဖြင့် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘဏ်များအသင်း နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက နိုင်ငံတော်အတွင်း ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးအခြေအနေများ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအရှေ့တိုင်းဘဏ် ဥက္ကဋ္ဌ ဦးမြသန်းက Myanmar Payment Union (MPU) Card စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဘဏ်ဥက္ကဋ္ဌများနှင့် ဝါရင့်စီးပွားရေးပညာရှင်များက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း နေ့စဉ်တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေသည့် မက်ခရိုစီးပွားရေး အခြေအနေများကို အကဲဖြတ် သုံးသပ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက်၊ မိဘပြည်သူအားလုံးအတွက် အကောင်းဆုံးဖြစ်စေမည့် အစီအမံများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ အားလုံး၏ အကျိုးစီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးရေးအတွက် စီးပွားရေးအင်အား တောင့်တင်းခိုင်မာသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်စေရေးအတွက် အားလုံး ညီညီညာညာ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘဏ်များအသင်း နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရေလုပ်ငန်းရှင်များ တွေ့ဆုံညှိနှိုင်းစည်းဝေး

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် တိုင်းဒေသကြီးအတွင်းရှိ ရေလုပ်ငန်းရှင်များအား ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီးတွင် ရေလုပ်ငန်းသည် ဆန်စပါး လုပ်ငန်းပြီးလျှင် အရေးပါသော ကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ရေလုပ်ငန်းနှင့် အင်းလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များအား သက်ဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရန်နှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော တိုင်းဒေသကြီးအတွင်းရှိ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းစည်းဝေးသည်။

တွေ့ဆုံစည်းဝေးရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က ချမှတ်ပေးထားသော မူဝါဒများအပေါ် အခြေခံ၍ တိုင်းဒေသကြီးအစိုးရက တိုင်းဒေသကြီးအတွင်း လယ်ယာ၊ သားငါး၊ ပဲအမျိုးမျိုးနှင့် ဆားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ရေလုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်သူများကိုသာ လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေလုပ်ငန်းရှင်များအနေဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပဈေးကွက်ပါရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုအခါ ဝဲဒေါင့်ဆိပ်ကမ်းမှ ပြည်ပသို့ ဆန်များ စတင်တင်ပို့နေပြီဖြစ်သဖြင့် အခြားဒေသ ထွက်ကုန်ပစ္စည်းများကိုလည်း ဆက်လက်တင်ပို့နိုင်အောင် ဆောင်ရွက်နေကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်မင်းနှင့် တိုင်းဒေသကြီးအခွန်ဦးစီးဌာန တိုင်းဦးစီးမှူး သူရဦးထင်ကျော်မိုးတို့က အင်းလုပ်ငန်း၊ ရေချိုရေငန်ငါးဖမ်းလုပ်ငန်းနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေးအတွက် အဓိကလိုအပ်သည့် သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှုယွင်ကျယ် ခေါင်းဆောင်သည့် ရှေ့ပြေးလေ့လာရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး မစ္စတာ ကောင်းဟွာတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်

၅း၂၀ MRTV-4 သတင်း

၅း၅၀ "ဝေဒနာနုပဿနာ သတိပဋ္ဌာန်" တရားတော် (ဆရာတော်ဦးယောသိတ)

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၆)**

၇း၃၀ MRTV-4 သတင်း

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၅၈)**

၈း၅၀ ezy ACOUSTIC SHOW (Part-6)

၉း၅၀ Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]

၁၀း၂၀ ကုသိုလ်မိုးများဖြိုင်ဖြိုင်ရွာသောနေ့

၁၀း၄၀ ဗီဒီယိုပြခန်း

၁၁း၀၀ Activities In The City

၁၁း၁၅ အရွယ်မရွေးလှပစေမည့် . . Ginger Beauty Land

၁၁း၄၀ ရွှေဈေးကွက်နှင့်ရွှေဝယ်လမ်းညွှန်

၁၂း၀၀ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ(အပိုင်း-၁)

၁၂း၂၅ ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ

၁း၀၀ "ဝေဒနာနုပဿနာ သတိပဋ္ဌာန်" တရားတော် (ဆရာတော်ဦးယောသိတ)

၂း၀၀ MRTV-4 သတင်း

၂း၂၀ စကားနပန်း

၃း၄၀ TZTM Group of Companies စွမ်းရည်ထက် အအေးခန်းစက်ရုံဖွင့်ပွဲ

၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၅၈)**

၅း၀၀ FMF Selection

၅း၃၀ ဂဏန်းသင်္ချာပျော်စရာ

၆း၀၀ MRTV-4 သတင်း

၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၇)**

၇း၃၀ တို့ကျေးရွာ လယ်ယာတော သာမောဖို့ . . . သိပ္ပံနည်းကျ စိုက်နည်းစနစ်ကိုကျင့်သုံးစို့

၈း၀၀ MRTV-4 သတင်း

၈း၃၀ A Journey to the Korea (Part-4)

၈း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (လှလှရီ၏တေးများ)

၈း၅၅ သွားမယ်စားမယ်

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၅၉)**

၁၀း၂၅ Box Office Movies(300)

၁၀း၅၀ ရမ္မာဝတီသို့ . . . ရွက်လွှင့်ခြင်း

၁၁း၁၀ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ

၁၁း၃၅ World Championships in Athletics, Daegu

၁၂း၃၅ အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)

၁၂း၅၅ Singapore Sunday

၁း၁၀ ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]

၁း၂၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်

၁း၄၅ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)

၁း၅၅ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)

၂း၁၅ Shooting Location

၂း၄၀ 2 D

၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

၄း၀၀ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲ အထွက်တိုးအောင်စိုက်ကြစို့"

၄း၁၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ

၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်သူ့ထံမှ ပေးစာများ

စားသောက်ဆိုင်များနှင့် ကျူးကျော် အဆောက်အအုံ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

ဓနုဖြူမြို့သည် ဧရာဝတီမြစ်ကမ်းဘေး၌ တည်ရှိသော မြို့ဖြစ်၍ ရေကာတာများ မကျိုးမပေါက် မပျက်စီးရေးအတွက် အထူးပင် အရေးကြီးလှပါသည်။

ယခုအခါ အဆိုပါ ရေကာတာဘေးတစ်လျှောက် ဧရာဝတီဆိပ်မှ ဘုရားကြီးအထိ ကျူးကျော်ဆန်ပွဲရုံများ၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များ အခိုင်အမာ ဆောက်လုပ်ရောင်းချရာနေရာတွင် ကြွက်များ ဖောက်ထွင်းဖျက်ဆီးမှုများ အများအပြားတွေ့ရှိရပါသဖြင့် တာတမံများ မကျိုးမပေါက်မပျက်စီးရေးနှင့် မြို့ရွာသာယာလှပရေးအတွက် အဆိုပါကျူးကျော်အဆောက်အအုံများအား သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဓနုဖြူသားများ

အမှိုက်ပုံကြီး ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၆) ချယ်ရီလမ်းနှင့် ပုညလမ်းထောင့်ရှိ အမှိုက်ပုံကြီးမှာ သိမ်းဆည်းမည့်သူ မရှိသဖြင့် တစ်နေ့တခြား ကြီးမားလာပြီး အပန်းဖြေမြို့၏ ဂုဏ်အင်္ဂါရပ်ကို ထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

စည်းကမ်းချိုးဖောက်သည့်ယာဉ်များအား မီးပွိုင့် ၃၇ နေရာတွင် ယာဉ်ထိန်းရဲများက ချလန်ဖြတ်အရေးယူမှု ဆောင်ရွက်မည်

ရန်ကုန် စက်တင်ဘာ ၃

ယာဉ်စည်းကမ်းချိုးဖောက်နေသော ယာဉ်များကို မီးပွိုင့်တွင် တာဝန်ကျသော ယာဉ်ထိန်းရဲများက ချလန်ဖြတ် ဖမ်းဆီးအရေးယူခြင်းကို ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ပြန်လည်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ရန်ကုန်မြို့ရှိ အချက်ပြမီးပွိုင့်နေရာပေါင်း ၁၃၄ နေရာအနက် မီးပွိုင့် ၃၇ နေရာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လမှစတင်ကာ မီးပွိုင့်တာဝန်ကျတပ်ဖွဲ့ဝင်များက ချလန်ဖြတ်အရေးယူခြင်းကို ပြန်လည်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ဩဂုတ်လ နောက်ဆုံးပတ်က ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူများက ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် တွေ့ဆုံစဉ် အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယခင်ကလည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်သော ပြန်တမ်းဝင်အရာရှိများကို မှတ်သားဖမ်းဆီးပုံစံစာရွက်များ ပေးအပ်ထားပြီး စည်းကမ်းချိုးဖောက်သော ယာဉ်အမှတ်၊ အမျိုးအစား၊ အရောင်၊ ဖြစ်ပွားသည့်နေရာနှင့် စည်းကမ်းချိုးဖောက်မှုများကို မှတ်သားစေကာ ဖမ်းဆီးအရေးယူမှု စနစ်များ ပြုလုပ်ခဲ့ဖူးသည်ဟု သိရသည်။ သို့သော် မှတ်သားဖမ်းဆီးအရေးယူမှု စနစ်တွင် အငြင်းပွားဖွယ်ရာများ ရှိနေသောကြောင့် ယာဉ်မောင်းများက ကြိုက်နှစ်သက်ကြခြင်းမရှိကြကြောင်း သိရသည်။ ယင်းအပြင် ယာဉ်စည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များကို မီးပွိုင့်များရှိ တာဝန်ကျတပ်ဖွဲ့ဝင်များက မှတ်သားဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ပထမပတ်မှစ၍ မှတ်သားဖမ်းဆီးအရေးယူခြင်းကို မပြုလုပ်တော့ဘဲ စစ်ဆေးရေးတာဝန်ကျ တပ်ဖွဲ့ဝင်များကသာ နေရာတွင်ပင် ချလန်ဖြတ်အရေးယူခြင်း၊ ကင်မရာများ၊ စီစီတီဗွီကင်မရာများဖြင့် ဓာတ်ပုံမှတ်တမ်းများဖြင့် အရေးယူခြင်းကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ယခုအခါ မီးပွိုင့်များရှိ တာဝန်ကျယာဉ်ထိန်းရဲများကိုလည်း ချလန်ဖြတ် အရေးယူခြင်းကို ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပြီး ရန်ကုန်မြို့ရှိ အချက်ပြမီးပွိုင့် ၁၃၄ နေရာအနက် ၃၇ နေရာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၀၁)

စိတ်စေတနာ ရိုးသားဖြူစင်သူကို ဂုဏ်ပြု

ပဲခူး စက်တင်ဘာ ၃

ပဲခူးမြို့တွင် ဩဂုတ် ဒုတိယပတ်အတွင်း ပဲခူးမြစ်ရေကြီးသဖြင့် သက်ဆိုင်ရာမှ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား စေတနာရှင်များက လာရောက်ကူညီပံ့ပိုးကြရာ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရွှေတူ မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးလေးလွင်၏ ငွေကျပ် ၂၅ သိန်းတန် နဝရတ်လက်စွပ်တစ်ကွင်း ရေထဲသို့ကျ၍ ပျောက်ဆုံးခဲ့သည်။

ထိုလက်စွပ်အား ပဲခူးမြို့ ဥဿာမြို့သစ်မှ ဒေါ်ခင်ရီက ကောက်ရခဲ့သဖြင့် ပိုင်ရှင်အား ပြန်လည်စုံစမ်းပေးအပ်ခဲ့ရာ စိတ်ရင်းစေတနာဖြူစင်ရိုးသားသော ဒေါ်ခင်ရီအား လက်စွပ်ပိုင်ရှင် ဦးလေးလွင်က ကျေးဇူးဆပ်သည့်အနေဖြင့် ဩဂုတ် ၃၀ ရက်က ပဲခူးရွှေမော်ဓောဘုရားတွင် ဂုဏ်ပြုငွေကျပ် တစ်သိန်းခွဲချီးမြှင့်ခဲ့သည်။**(ဓဲပုံ)** (၁၁၀)

ဂန္ဓမာလက်ကားဈေးကြီး မကြာမီဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ အလျား ၃၁၈ ပေ၊ အနံ ၁၅၉ ပေ၊ အမြင့် ၄၂ ပေရှိ ဂန္ဓမာလက်ကားဈေးကြီး (Gandamar Holesale)ကို တည်ဆောက်ခဲ့ရာ ပြီးစီးနေပြီဖြစ်သည်။**(အပေါ်ပုံ)** ဂန္ဓမာလက်ကားဈေးကြီးမှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်သန်း ၆၀၀၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ စက်တင်ဘာ ၁၇ ရက်တွင် အကြိုဖွင့်ပွဲ (Soft Opening Ceremony) ပြုလုပ်ပြီး အောက်တိုဘာ ၄ ရက်တွင် (Grand Opening Ceremony) အခမ်းအနားကြီး ကျင်းပသွားရန် ပြင်ဆင်ထားပြီးဖြစ်သည်။

ဂန္ဓမာလက်ကားဈေး၌ ပြည်တွင်း၊ ပြည်ပ ထုတ်ကုန်ပစ္စည်းများဖြစ်သော လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အစားအစာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ အားကစားပစ္စည်းများ၊ အသီးအနှံများ၊ အဝတ်အထည်များနှင့် ကလေးကစားစရာများကို လက်ကားသာမက လက်လီပါ ရောင်းချသွားမည်ဖြစ်သည်။ ပြည်တွင်းထွက်ကုန် ပစ္စည်းများကို ဦးစားပေး ရောင်းချသွားမည်ဖြစ်ပြီး ဆေးဝါးနှင့် ဝန်ကျယ်ပြီး ဘီလပ်မြေကဲ့သို့ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည့် ကုန်ပစ္စည်းများ ရောင်းချမည်မဟုတ်ကြောင်း သိရသည်။

ဂန္ဓမာလက်ကားဈေးကြီးတွင် စားသောက်ဆိုင်များလည်း ထည့်သွင်းဖွင့်လှစ်မည်ဖြစ်သည်။ သွားလာမှု အဆင်ပြေစေရေးအတွက် ညောင်ပင်လေးဈေး၊ မြေနီကုန်း ဒဂုန် စင်တာအနီး၊ ပန်းဆိုးတန်းရှိ Ruby Mart၊ ယုဇနပလာဇာနှင့် သမိုင်းလမ်းဆုံ ငါးနေရာတို့တွင် မော်တော်ယာဉ်တစ်စီးစီထားကာ ဈေးဝယ်သူများအား အခမဲ့ကြိုပို့ပေးမည်ဖြစ်ပြီး လမ်းခရီးတွင် ဆင်းခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

(ညွှန့်သန်း-သတင်းစဉ်)

အနောက်တောင်မုတ်သုံလေ စတင်ဆုတ်ခွာ မိုးနှောင်းကာလ လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်နိုင်

ရန်ကုန် စက်တင်ဘာ ၃

အနောက်တောင်မုတ်သုံလေသည် မိုးနှောင်းကာလအတွက် မြန်မာနိုင်ငံတစ်ဝန်း၌ စက်တင်ဘာ ၁ ရက်မှစ၍ စတင်ဆုတ်ခွာပြီဖြစ်သည်။

ထိုသို့ ဆုတ်ခွာရာတွင် စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ တတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရှိကြောင်း။

လာမည့် မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ကြောင်း။

မိုးအခြေအနေခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှာ ရွာသွန်းမြဲခန့် မိုးရွာသွန်းနိုင်ကြောင်း။

မြစ်ရေအခြေအနေခန့်မှန်းချက်မှာ မိုးနှောင်းကာလတွင် ဧရာဝတီမြစ်ရေသည် မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ၊ ညောင်ဦး၊ ဟင်္သာတနှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် မော်လိုက်၊ ကလေးဝနှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် နှစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးကို ရောက်ရှိနိုင်ကြောင်း။

စက်တင်ဘာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ကြောင်း။

မိုးရွာရက်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှာ ၁၀ ရက်မှ ၁၂ ရက်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှာ ၁၃ ရက်မှ ၁၅ ရက်ခန့် မိုးများရွာသွန်းနိုင်ကြောင်း။

စက်တင်ဘာလသည် မိုးနှောင်းကာလဖြစ်ပြီး အနောက်တောင် မုတ်သုံလေသည် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လုံးဝဆုတ်ခွာသွားဖွယ်ရာရှိကြောင်း၊ လာမည့် မိုးနှောင်းနှင့် မိုးလွန်ကာလများတွင် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နိုင်သော တိုင်ဖွန်းမုန်တိုင်းအကြွင်းအကျန်များ အနောက်ဘက်ကို ဆက်လက်ရွေ့လျားလာသောအခါတွင်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလိုင်းများ မြန်မာနိုင်ငံဘက်သို့ တိုးဝင်လာသောအခါတွင်လည်းကောင်း မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုများ ရှိနိုင်ကြောင်း။

မိုးနှောင်းကာလနှင့် မိုးလွန်ကာလများတွင် မြန်မာနိုင်ငံကို အန္တရာယ်ပြုနိုင်သော မုန်တိုင်းများ အတွက်လည်းကောင်း၊ ထူးခြားသော မိုးလေဝသအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း ကြိုတင်သတိပေးချက်များကို မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိတ်ဝင်းစလက် ပါဝင်သရုပ်ဆောင်ထားသည့်ဇာတ်ကား ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် အကြိုပြသပွဲပြုလုပ်

နာမည်ကျော်ဒါရိုက်တာ ရိုမန်ပိုလန်စကီ ဖန်တီးရိုက်ကူးထားပြီး ကမ္ဘာကျော်ငွေကြယ်ပွင့် ဗြိတိန်မင်းသမီးချော ကိတ်ဝင်းစလက် ပါဝင်သရုပ်ဆောင်ထားသည့် Carnage ဟာသဇာတ်ကားသစ်ကို အီတလီနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၆၈)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် စက်တင်ဘာ ၁ ရက်က အကြိုပြသပွဲပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဤဇာတ်ကားသည် God of Carnage ပြဇာတ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ကိတ်ဝင်းစလက်နှင့်အတူ ဟောလိဝုဒ်နာမည်ကျော် ငွေကြယ်ပွင့်များဖြစ်သည့် မင်းသမီး ဂျိုဒီဖော်စတာ၊ ဂျွန်စီ ရီအစ်လီနှင့် ခရစ္စတိုဖာ ဝေါ့ဇ်တို့က ပါဝင်အားဖြည့်သရုပ်ဆောင်ထားသည်။

ဗင်းနစ်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသော ကိတ်ဝင်းစလက်။

ယင်းဇာတ်ကားကို ကြာသပတေးနေ့က ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် အကြိုပြသပွဲပြုလုပ်ခဲ့ရာ ပရိသတ်များ၏ ချီးကျူးထောမနာပြုခြင်းကို ခံခဲ့ရပြီး မင်းသမီး ကိတ်ဝင်းစလက်က "ကျွန်မကို ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းခဲ့တုန်းက ဘာမှစဉ်းစားမနေဘဲ ချက်ချင်းလက်ခံခဲ့တာပါ။ ဒါရိုက်တာ ရိုမန်ပိုလန်စကီကသာ ဇာတ်ကားရိုက်ဖို့ ဖိတ်ခေါ်မယ်ဆိုရင် ကျွန်မလိုပဲ ဘယ်သူမှငြင်းမှာ မဟုတ်ကြပါဘူး။ ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခွင့်ရတာ ကျွန်မအရမ်းကံကောင်းပါတယ်" ဟု ဆိုသည်။

Carnage ဇာတ်ကားကို ယခုလနှောင်းပိုင်းတွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် နယူးယောက် ရုပ်ရှင်ပွဲတော်တွင်လည်း အကြိုပြသပွဲပြုလုပ်မည်ဖြစ်ပြီး လာမည့်ဒီဇင်ဘာ ၁၆ ရက်တွင် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိပြသသွားမည်ဖြစ်သည်။

အင်တာနက်။

အေဝမ်းစိုး

ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်

ပြည်တွင်းပဲမျိုးစုံဈေးကွက်များတွင် ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်အခြေခံ၍ ဈေးနှုန်းအမျိုးမျိုးရှိခဲ့သလို စားသောက်ကုန်ဈေးကွက်များတွင်လည်း ဈေးကွက်လိုက်၍ ဈေးနှုန်းပြောင်းလဲမှုများဖြစ်ပေါ်ခဲ့သည်။

မတ်ပဲ။ ။ *မန္တလေးနှင့် မုံရွာမတ်ပဲဈေးကွက်တို့တွင် ဝယ်လိုအားနည်းခြင်းကြောင့် ဩဂုတ်လ နှောင်းပိုင်းတွင် မတ်ပဲဈေးနှုန်းများ ကျဆင်းခဲ့သည်။ အချို့ဈေးကွက်များ၌ ဈေးနှုန်းအနည်းငယ်တက်လာရာ ရန်ကုန်မတ်ပဲဈေးကွက်တွင် ဩဂုတ်လနှောင်းပိုင်းက မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၅၀၉၀၀၀ သာရှိခဲ့ရာမှ စက်တင်ဘာလဆန်းပိုင်းတွင် ငွေကျပ် ၅၃၇၀၀၀ သို့လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့သည်။*

ပဲတီစိမ်း။ ။ *ပခုက္ကူနှင့် ဟင်္သာတပဲတီစိမ်းဈေးကွက်တို့တွင် အရည်အသွေးကြိုက်နှစ်သက်မှု နည်း၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း မန္တလေးပဲတီစိမ်းဈေးကွက်တွင် ဩဂုတ်လနှောင်းပိုင်းက ပဲတီစိမ်း တစ်တန်ဈေးနှုန်း ငွေကျပ် ၄၇၈၈၀၀ သာရှိခဲ့ရာမှ စက်တင်ဘာလဆန်းပိုင်းတွင်မူ ငွေကျပ် ၅၂၂၃၀၀ သို့လည်းကောင်း ပဲတီစိမ်းဈေးနှုန်းများ တက်လာခဲ့သည်။*

ပဲစင်းငုံ(နီ)။ ။ *ပဲစင်းငုံ (နီ)မှာ ဈေးကွက်အသီးသီး၌ ဈေးမြင့်၍ ဝယ်အားများခြင်းကြောင့် ပဲစင်းငုံ(နီ)ဈေးနှုန်းများ တက်လာခဲ့ရာ ရန်ကုန်ပဲစင်းငုံ(နီ) ဈေးကွက်တွင် ယခင်လနှောင်းပိုင်းက ပဲစင်းငုံ(နီ) တစ်တန် ငွေကျပ် ၃၇၀၀၀၀ သာရှိခဲ့ရာမှ ယခုလပထမပတ်တွင် ငွေကျပ် ၄၁၂၀၀၀ သို့လည်းကောင်း၊ မန္တလေးပဲစင်းငုံ(နီ) ဈေးကွက်တွင် ဩဂုတ်လနှောင်းပိုင်းက ပဲစင်းငုံ(နီ)တစ်တန်ဈေးနှုန်းငွေကျပ် ၃၄၇၂၀၀ သာရှိခဲ့ရာမှ စက်တင်ဘာလဆန်းပိုင်းတွင် ငွေကျပ် ၃၈၇၆၀၀ သို့လည်းကောင်း ဈေးနှုန်းများ တက်လာခဲ့သည်။*

ကြက်သွန်နီ။ ။ *ကြက်သွန်နီမှာ စားဖိုဆောင်သီးနှံဖြစ်၍ ဈေးနှုန်းအတက်အကျမြန်ဆန်မှုမရှိသော်လည်း ဈေးကွက်လိုက်၍ ဈေးနှုန်းပြောင်းလဲမှုများရှိသည်။ မန္တလေး၊ မကွေး၊ မုံရွာနှင့် ပခုက္ကူကြက်သွန်နီဈေးကွက်တို့၏ ဩဂုတ်လကုန်အထိ ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ငွေကျပ် ၅၀၀ ဖြစ်ပြီး ရန်ကုန်ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီ တစ်ပိဿာဈေးနှုန်း ငွေကျပ် ၅၃၀ ဖြစ်သည်။*

ကြက်သွန်ဖြူ။ ။ *မန္တလေးနှင့် ပခုက္ကူကြက်သွန်ဖြူဈေးကွက်များတွင် ဈေးနှုန်းအတက်အကျမရှိ တည်ငြိမ်လျက်ရှိသော်လည်း မကွေးကြက်သွန်ဖြူဈေးကွက်တွင် ယခင်လနှောင်းပိုင်းက ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်း ငွေကျပ် ၉၅၀ သာရှိခဲ့ရာမှ ယခုလဆန်းပိုင်းတွင် ငွေကျပ် ၁၁၀၀ သို့လည်းကောင်း ဈေးနှုန်းတက်လာခဲ့ပြီး မုံရွာကြက်သွန်ဖြူ ဈေးကွက်တွင်မူ ယခင်အပတ်က ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းငွေကျပ် ၁၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၁၆၀၀ သို့ ကျဆင်းခဲ့သည်။*

ထိုင်း-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

ထိုင်းနိုင်ငံ Tak Chamber of Commerce (TCC) အောက်ရှိ စက်မှုကုန်ထုတ် လုပ်ငန်းရှင်ကုမ္ပဏီ ၃၀ အား မြန်မာနိုင်ငံသို့ ဖိတ်ခေါ်၍ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းသီးသန့် အချိန်ယူ ဆွေးနွေးခြင်းဖြင့် တိုက်ရိုက်ကုန်သွယ်ရေး အခွင့်အလမ်းများဖော်ဆောင်နိုင်မည့် Business Initiative Dialogue ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်း (၆) မိုင်ခွဲရှိ International Business Centre အဆောက်အအုံ Convention Hall ၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၁၂၂၃၉၊ ၅၁၂၂၄၉၊ ၅၁၂၂၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အနာဂတ်ပွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လာသည့် မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်း

မြန်မာနိုင်ငံ၌ စက္ကူထုတ်လုပ်သော နိုင်ငံပိုင် စက္ကူစက်ရုံကြီးများ ရှိကြသည်။ ပုဂ္ဂလိကစက်ရုံငယ်ကလေးများလည်း ရှိကြသည်။

နိုင်ငံပိုင် စက္ကူစက်ရုံကြီးများ၌ စာရေးစက္ကူ၊ ဘိလပ်မြေအိတ်စက္ကူနှင့် ပျော့ဖတ်ချပ်များ ထုတ်လုပ်ကြသည်။ ပုဂ္ဂလိကအလုပ်ရုံလေးများကလည်း မကြမ်းမချော စာရေးစက္ကူများ၊ ကတ်ထူဖြူများ၊ ပျော့ဖတ်ချပ်များ၊ တစ်ရှူးစက္ကူ စသည်တို့ ထုတ်လုပ်ကြပြီး ပြည်တွင်းလိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံပိုင်စက္ကူစက်များမှထွက်ရှိသော စက္ကူအရည်အသွေးနှင့် အရေအတွက်မှာ ပြည်တွင်းလိုအပ်ချက်ကို သာမန်အဆင့်မျှသာ ဖြည့်ပေးသည့်အဆင့်ရှိပြီး အဓိက အားကိုးအားထားပြု၍ရသော အဆင့်မျိုးမဟုတ်ကြောင်း လုပ်ငန်းသုံးနယ်ပယ်လိုအပ်ချက်အရ သိရသည်။ ပုဂ္ဂလိက အလုပ်ရုံများမှထွက်သော ထုတ်ကုန်များအနက် ကောက်ရိုးပျော့ဖတ်ချပ်များကို နိုင်ငံခြားပို့ကုန်အဖြစ်တင်ပို့ပြီး တစ်ရှူးများ၊ ကတ်ထူပြားများ၊ စာရေးစက္ကူများကို ပြည်တွင်းသုံးအဖြစ် ရောင်းချနိုင်သည့် အဆင့်ရှိသည်။ သို့သော် အဆင့်အတန်း ပြည့်မီသော အရည်အသွေးသို့ရောက်အောင် များစွာလုပ်ဆောင်ရဦးမည်ကို သိရှိလာကြသည်။

ယခုအခါ ပြည်တွင်းပျော့ဖတ်နှင့် စက္ကူလုပ်ငန်းရှင်များ အနာဂတ်အတွက် အလားအလာများကို စိတ်ဝင်စားလာကြသဖြင့် မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း ဖွဲ့စည်းရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ စိန်လျှံစားသောက်ဆိုင်၌ ယခင်လက ပြုလုပ်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲသို့ ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ရေး လုပ်ငန်း လုပ်ကိုင်လျက်ရှိကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စက္ကူပျော့ဖတ်အတတ်ပညာရှင်များ၊ နိုင်ငံပိုင် စက္ကူစက်ရုံများ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အချို့သော ဂျာနယ်စာစောင်တို့မှ သတင်းထောက်များ စုစုပေါင်းဦးရေ ၅၀ ကျော် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း ဖြစ်မြောက်ရေးကို ဦးဆောင်ကြသူများက တင်ပြဆွေးနွေးပြီး အဖွဲ့ဝင် ၁၁ ဦးပါဝင်သော လုပ်ငန်းကော်မတီကို ဖွဲ့ခဲ့ကြသည်။ အသင်းတရားဝင်ရပ်တည်လှုပ်ရှားခွင့် ရရှိရေးကို ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းအသင်းသည် ဖွံ့ဖြိုးတိုးတက်နေသော စက္ကူသိပ္ပံနည်းပညာများကို သိရှိနားလည်၍ ကုန်ထုတ်စွမ်းအားနှင့် ထုတ်ကုန် အရည်အသွေး မြင့်မားတိုးတက်စေရေးကို ရည်ရွယ်ချက်တစ်ရပ်အဖြစ် လည်းကောင်း၊ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်း ကုန်ထုတ်လုပ်မှု၊ အရည်အသွေးမြှင့်တင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စွမ်းအားအရင်းအမြစ်များ အသုံးချမှု၊ စွမ်းအင်နှင့် အတတ်ပညာရပ်များ မှန်ကန်စွာ အသုံးချမှု၊ ကိန်းဂဏန်းများ စုစည်းသုံးသပ်အသုံးချမှုတို့ကို ဘာသာရပ်အလိုက် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တို့ကို ချမှတ်ကာ အနာဂတ် ပျော့ဖတ်နှင့် စက္ကူလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြမည်ဟု သိရသည်။ **(လေးလေးစိန်)**

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကဏ္ဍစုံ ကြိုတင်ပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၃

ကမ္ဘာလှည့်ခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်ရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ(ပုဂံဇုန်)တွင် ယခုအခါ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတိုးတက်စေရန် ရည်ရွယ်လျက် ကဏ္ဍစုံမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သိရသည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို**(အပေါ်ပုံ)** ဆွဲဆောင်နိုင်ရန်နှင့် ဒေသခံများ အဆင်ပြေစေရန် ဘုရားအနီး၌ ညဈေးတန်း ခင်းကျင်းနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ခရီးသွားဧည့်သည်များ လိုအပ်ပါက အသုံးပြုနိုင်ရန် အဆင့်မီ သန့်စင်ခန်းများ ထားရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုဂံဒေသတွင် ပုဂံဟိုတယ်ဇုန်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်း/သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပစ္စည်းအရောင်းဆိုင်များ အသင်းနှင့် ဧည့်လမ်းညွှန်အသင်းများ ဖွဲ့စည်းပြီးဖြစ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ညွှန်းပြသသော ဒေသတစ်ခုဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စေတီ၊ ပုထိုးများ တစုတဝေးတည်းရှိခြင်း၊ ခရီးသွားလုပ်ငန်းမြို့ဖြစ်ခြင်းစသည့် ဂုဏ်အင်္ဂါရပ်များသည် ခရီးသွားများကို ဆွဲဆောင်နိုင်သော အကြောင်းအရာများဖြစ်ရာ ထိုဒေသတွင် ခရီးသွားများအတွက် အဓိကလိုအပ်သောဝန်ဆောင်မှုများကို ပြည့်စုံအောင် လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများက ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ **(ဇာဏီ)**

ပုဂ္ဂလိက ဘိလပ်မြေစက်ရုံနှစ်ရုံ ကျိုက်မရောမြို့နယ်တွင် တည်ဆောက်မည်

ကျိုက်မရော စက်တင်ဘာ ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် အတူ တန် ၁၀၀၀ ကျ ဘိလပ်မြေစက်ရုံနှစ်ရုံကို မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ပါနော့ကျေးရွာအနီးရှိ ထုံးကျောက်တောင်များအနီး၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိလပ်မြေစက်ရုံ တည်ဆောက်ခွင့် ရရှိခဲ့သည့် ပုဂ္ဂလိက ကုမ္ပဏီနှစ်ခုမှာ ပီအေစီလင့်ခ် ထရိတ်ဒင်းကုမ္ပဏီနှင့် ဂွန်ကုမ္ပဏီတို့ ဖြစ်သည်။ အဆိုပါကုမ္ပဏီတို့က ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ယင်းဒေသတွင် မြေနေရာများ ဝယ်ယူရရှိနိုင်ရန် ဆောင်ရွက်နေကြသည်ဟု သိရသည်။

ပြည်တွင်း၌ လိုအပ်ချက်ရှိနေသော ဘိလပ်မြေကို ပြည်ပမှ အဓိကဝယ်ယူတင်သွင်းနေရပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှ အများဆုံး ဝယ်ယူတင်သွင်းလျက်ရှိသည်။ အစိုးရစက်ရုံများမှ ဆောင်ရွက်နေခြင်းအပြင် ပုဂ္ဂလိကကဏ္ဍမှလည်း ဘိလပ်မြေစက်ရုံများ လုပ်ကိုင်ခွင့်ပြုခဲ့ရာ ကုန်ကြမ်းရရှိနိုင်မည့် ထုံးကျောက်တောင်များရှိရာ ဒေသများနှင့် စက်ရုံလည်ပတ်နိုင်ရန် ကျောက်မီးသွေး ရရှိနိုင်သည့် ဒေသများဖြစ်သော ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအစပ်၊ မွန်ပြည်နယ်တို့တွင် လုပ်ကိုင်ခွင့်များ ပြုခဲ့သည်။ လက်ရှိတွင် ပုဂ္ဂလိကကုမ္ပဏီ ၂၀ ခန့် ဘိလပ်မြေစက်ရုံ တည်ဆောက်လုပ်ကိုင်ခွင့်ပြုထားသည်ဟု သိရသည်။

ဘိလပ်မြေစက်ရုံတည်ဆောက်လုပ်ကိုင်ခွင့်ရရှိထားသည့် ပုဂ္ဂလိက ကုမ္ပဏီများမှာ မက်စ်မြန်မာ၊ ထူး၊ ကမ္ဘောဇ၊ ရွှေတောင်၊ G-4၊ အေးရှားဝါးလ်၊ အိုင်ဂျီအီး၊ ယုဇန၊ ဂွန်၊ ဆန်းလင်းအင်တာနေရှင်နယ်၊ Jade Land၊ မြန်မာကောင်းတုံ၊ မြန်မာနိုင်၊ YIG၊ ရှမ်းရိုးမအင်မိုင်း၊ မင်းအနော်ရထာ၊ ငွေရည်ပုလဲ၊ ထွန်းသွင်မိုင်းနင်း၊ သံတော်မြတ်၊ ပီအေစီလင့်ခ် စသည့် ကုမ္ပဏီများဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် လည်ပတ်နေသော ဘိလပ်မြေစက်ရုံ စုစုပေါင်း ၁၄ ရုံရှိပြီး ပုဂ္ဂလိကပိုင်းမှ မက်စ်မြန်မာ၊ ထူး၊ ကမ္ဘောဇ၊ ရွှေတောင်နှင့် G-4 ကုမ္ပဏီတို့သာ စတင်ဆောင်ရွက်နေကြကြောင်း သိရသည်။

(ဝဝ၁)

ဖတ်စရာ၊ မှတ်စရာ သတင်းအတိုအထွာ

ငွေစက္ကူအဟောင်းများ လဲလှယ်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၃

ပြည်သူများလက်ဝယ် လည်ပတ်သုံးစွဲလျက်ရှိသည့် ဟောင်းနွမ်းဆွေးမြည့် စုတ်ပြဲနေသော ငွေစက္ကူများကို တန်ဖိုးတူ ငွေစက္ကူအသစ်များဖြင့် လဲလှယ်ပေးလျက်ရှိသည်။

ယင်းသို့ လဲလှယ်ရာတွင် ငွေစက္ကူ ၁၀ ကျပ်တန်၊ ၂၀ ကျပ်တန်၊ ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်နှင့် ၂၀၀ ကျပ်တန် ငွေစက္ကူများကို ရွက်ရေအကန့်အသတ်မရှိ မြန်မာ့စီးပွားရေးဘဏ်(ငွေစုဘဏ်ခွဲ)များတွင် သီးခြားကောင်တာများဖွင့်၍ နေ့စဉ် လဲလှယ်ပေးလျက်ရှိရာ ပြည်သူများ လာရောက်လဲလှယ်နေကြကြောင်း သိရသည်။ **(နွဲ့နွဲ့ကြည်-သတင်းစဉ်)**

ငွေအကြွေကြောင့် ခရီးသည်နှင့် ယာဉ်နောက်လိုက်များ အဆင်ပြေ

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်မြို့ လူဦးရေ ၆ ဒသမ ၆ သန်းအနက် ခရီးသွားပြည်သူနှစ်သန်း၏ သွားလာမှုအဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းပေါင်း ၁၃၉ လိုင်း၊ ယာဉ်စီးရေ ၂၅၀၀ ကျော်ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ဇူလိုင်လအပြင် ယခုဩဂုတ်လ၌ပါ ဝန်ထမ်းများ၏ လစာတွင် ငွေကျပ် ၅၀ တန်၊ ၁၀၀ တန်၊ ၂၀၀ တန်စသည်တို့ကို ထည့်သွင်းပေးခဲ့မှုကြောင့် မိမိအပါအဝင် လိုင်းကားစီးခရီးသည်များသည် ခရီးစဉ်ကျသင့်ငွေကို ငွေအကြွေဖြင့် ပေးနိုင်ခဲ့ကြသည်။ ယာဉ်နောက်လိုက်များကလည်း အကြွေပြန်အမ်းပေးနိုင်ခြင်းကြောင့် လိုင်းကားစီးရာတွင် ယခင်ကာလများကထက် အကြွေပြဿနာများ လျော့နည်းပြေလည်သွားခဲ့သည်။ သက်ဆိုင်ရာမထသဌာနခွဲများကလည်း ပညာပေးဆောင်ရွက်မှုများကြောင့် ခရီးသည်နှင့် ယာဉ်နောက်လိုက်များ ကြုံတွေ့နေရသည့် အခက်အခဲများကို လျော့ပါးစေခဲ့သည်။

"လိုင်းကားစီးခဲ့တာကြာပါပြီ။ ငွေအကြွေပိုရလာတော့ စီးတဲ့သူရော ယာဉ်နောက်လိုက်ပါ ယခင်ကထက် ပိုအဆင်ပြေလာတာ အမှန်ပါပဲ" ဟု ခရီးသည်အချို့ထံမှ ကြားခဲ့သည်။ **(ကိုချစ်)**

တီဘီရောဂါဝေဒနာရှင်များအား အခမဲ့ ဆေးကုသ

နေပြည်တော် စက်တင်ဘာ ၃

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်များနှင့်အညီ ကျန်းမာရေးဦးစီးဌာနသည် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ကမ္ဘာ့ရန်ပုံငွေ(Global Fund) အဖွဲ့နှင့်ပူးပေါင်း၍ ၂၀၁၀ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းရှိ တီဘီရောဂါဝေဒနာရှင် ၁၃၇၄၀၃ ဦးကို အခမဲ့ ဆေးကုသမှုပေးနိုင်ခဲ့သည်။

ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံတွင် တီဘီရောဂါပိုးကူးစက်ခံရလျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စစ်တမ်းအရ ၂၀၀၉ ခုနှစ်တွင် တီဘီလူနာ ၉ ဒသမ ၄ သန်းခန့် ကူးစက်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၁ ဒသမ ၇ သန်းခန့်မှာ သေဆုံးခဲ့သည်ဟု သိရသည်။

ထိုသို့ တီဘီရောဂါဖြစ်ပွားနှုန်းကျဆင်းစေရေး၊ လျော့နည်းပပျောက်ရေးနှင့် လုံးဝကင်းစင်နိုင်ရေးအတွက် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းကို ချမှတ်၍ မြန်မာနိုင်ငံအတွင်းရှိ တီဘီရောဂါဝေဒနာရှင်များကို ထပ်မံရှာဖွေဖော်ထုတ်ကာ ပျောက်ကင်းသည်အထိ စနစ်တကျဖြင့် အခမဲ့ ဆေးကုသပေးသွားမည် ဖြစ်သည်။

"တီဘီကင်းစင်-နိုင်ငံတစ်ခွင်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တီဘီရောဂါ လုံးဝကင်းရှင်းစေရေးအတွက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်းဝင်းနိုင်)**

စည်းကမ်းတကျ လမ်းဘေးဈေးရောင်းရန်လို

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လမ်းဘေးဈေးသည်များအား စည်းကမ်းချက်နှင့်အညီ ဈေးရောင်းချရန် သတိပေးချက် ထုတ်ပြန်ထားပြီးဖြစ်သည်။ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ လမ်းမကြီးများ၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာ ပလက်ဖောင်းဘေးများကို အဓိကထား တားမြစ်ထားသည်။ အချို့သော လမ်းဘေးဈေးသည်များ စည်းကမ်းမဲ့ရောင်းချခြင်းများရှိနေပြီး**(အပေါ်ပုံ)** ထိုကဲ့သို့ စည်းကမ်းမလိုက်နာသော ဈေးသည်များကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားရခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခြင်း၊ လမ်းသွားလမ်းလာများ တိုးဝှေ့သွားလာရခြင်း၊ အမှိုက်များ စည်းကမ်းမဲ့ပစ်ထားခဲ့ခြင်းတို့ကြောင့် ကြွက်၊ ခြင်၊ ယင်များ ပေါများလာနိုင်သည်ကိုတွေ့ရသည်။ ယခုအချိန်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပျံကျဈေးသည်များအား ဈေးကောက် ကောက်ခံခြင်းများကို ရုပ်သိမ်းခဲ့ပြီးဖြစ်၍ လမ်းဘေး ဈေးသည်များ၊ ပျံကျဈေးသည်များ၊ နယ်လှည့်ဈေးသည်များကို မှတ်ပုံတင်၊ ပုံစံ(၁၀) ယူဆောင်လာရန် စည်းကမ်းချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ **(သဲမောင်)**

ရန်ကုန်-မန္တလေး-ပြင်ဦးလွင်-လားရှိုး ယာဉ်လိုင်း အဆင့်မြှင့်တင်ပြေးဆွဲ

နေပြည်တော် စက်တင်ဘာ ၃

ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သော ရန်ကုန်-မန္တလေး-ပြင်ဦးလွင်-လားရှိုးသို့ ပြေးဆွဲနေသော မန်းရွှေပြည် မော်တော်ယာဉ်လိုင်းသည် ပြည်သူများ စိတ်ချမ်းမြေ့၍ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရေးကို မျှော်မှန်း၍ ကားသစ်ကြီးများဖြင့် ဖြည့်စွက်ကာ ပို့ဆောင်ရေးလုပ်ငန်းကို အဆင့်မြှင့်တင်လိုက်ကြောင်း သိရသည်။**(ယာပုံ)**

ကားသစ်ကြီးများတွင် ခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်ရေးအတွက် ကျယ်ဝန်းခံ့ညားသော ထိုင်ခုံ ခရီးစဉ်တစ်လျှောက် အန္တရာယ်ကင်းရှင်းစေရန်အတွက် ကျွမ်းကျင်သောယာဉ်မောင်းများ၊ အရှိန်ထိန်းစနစ်၊ နိုက်ထရိုဂျင်ဂက်စ်ဖြည့်ထားသော တာယာနှင့် လုံခြုံရေးအတွက် CCTV ကင်မရာများ တပ်ဆင်၍ အသုံးပြုသောကြောင့် ခရီးသည်များအတွက်

သွားလာရေးတွင် အဆင်ပြေနိုင်သည်။ ယာဉ်လိုင်းဖြင့် ခရီးသွားလိုပါကလည်း လက်မှတ်ကို ဖုန်းဆက်လိုက်ပါက အိမ်အရောက်အခမဲ့ပို့ဆောင်ပေးမှုကြောင့် လက်မှတ်သွားဝယ်ရသည့် အခက်အခဲများလည်း မရှိတော့ပေ။

ယင်းသို့ အဆင့်မြင့် ခရီးသည်တင် မော်တော်ယာဉ်လိုင်းများသည် ကားသစ်များ တိုးချဲ့ပြေးဆွဲလာမှုကြောင့် သွားလာရေးကဏ္ဍတွင် များစွာ လွယ်ကူချောမွေ့သွားသဖြင့် ခရီးသွားများ စိတ်ချမ်းမြေ့လျက်ရှိကြောင်း သိရသည်။

မန်းရွှေပြည်ယာဉ်လိုင်းဖြင့် ခရီးသွားလိုသူများသည် သိရှိလိုသည်များနှင့် ကားလက်မှတ်မှာလိုသူများသည် ရန်ကုန် ဖုန်း-၀၁-၆၃၆၉၈၂၊ ၆၃၇၁၉၂၊ ၀၉-၂၀၁၈၉၀၂၊ မန္တလေး ဖုန်း-၀၂-၇၃၈၈၃၊ ၈၀၃၉၇ နှင့် ၀၉-၆၅၀၂၂၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

✤ ရှေ့ဖုံးမှ

ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က လုပ်ငန်းစတင်သည့်ကာလ ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လုပ်ငန်းပြီးစီးမှုများနှင့် လာမည့်စက်တင်ဘာ ၁၀ ရက်တွင် ခေတ်မီကောက်စိုက်စက်များဖြင့် စတင်စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သမားရိုးကျ လယ်ကွက်ငယ်များကို ဟက်တာကွက်များအဖြစ် ပြောင်းလဲရာတွင် ကုန်ကျစရိတ်နှင့် လယ်သမားများအတွက် လက်ငင်း၊ ရေတို၊ ရေရှည်အကျိုးပြုနိုင်မည့် အခြေအနေများကို နှိုင်းယှဉ်သုံးသပ် ဆောင်ရွက်သွားရန်၊ စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် အစိုးရအပိုင်းသာမက ပုဂ္ဂလိကအခန်းကဏ္ဍကပါဝင်လာရေး ပညာပေးစည်းရုံးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး တောင်သူဦးစိုးတင့် အပါအဝင် တောင်သူကိုးဦး၏ သိပ္ပံနည်းကျအထူးအထွက်တိုး စပါး ၁၀ ဧကစိုက်ခင်းစုပေါင်းစိုက်ပျိုးသည့်နေရာသို့ ရောက်ရှိပြီး တပျော်တပါး စိုက်ပျိုးနေကြသော ကောက်စိုက်လုံမေများကို ကြည့်ရှုအားပေးကာ တောင်သူအချင်းချင်း လက်ချင်းယှက်၍ လက်ဆင့်ကမ်းကာ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ပညာပေးစည်းရုံးရန်၊ ကျေးရွာတစ်ခုလုံး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက ၂၀ စိုက်ခင်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တစ်ဧကတင်း ၁၅၀ အထက် ထွက်ရှိရန် သေချာနေသော အနှံပါပင်ပွား ၁၂ ပင်နှင့် တစ်နှံအောင်စေ့ပျမ်းမျှ ၁၇၀ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်မရှိရန်နှင့် ထွက်ရှိသမျှကို အသေးစိတ် မှတ်တမ်းတင်ရန် မှာကြားသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးထားရှိသော သက်တမ်း ၇၃ ရက်ရှိ ဆန်မွှေးစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သုတေသနပြုစိုက်ပျိုးထားသော ဆန်မွှေး စပါး၏ သွင်ပြင်လက္ခဏာများနှင့် သက်တမ်း၊ အထွက်နှုန်း၊ စားသုံးမှုအရည်အသွေး (Eating Quality)များကို ခွာတ်ခွဲခန်းတွင် စပါးထွက်ရှိချိန်၌ သုတေသနပြုလုပ်ပြီး အသေးစိတ်အစီရင်ခံစာ ပြုစုမှတ်တမ်းတင်ရန် မှာကြားကာ စိုက်ကွင်းအတွင်းရှိ စပါးခင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

○ ကျောဖုံးမှ

ဒေသခံ တိုင်းရင်းသားပြည်သူများသည် မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်လူငယ်များအား ကျန်းမာကြံ့ခိုင်မှု၊ ပညာရည်ပြည့်ဝမှုများရရှိစေရုံသာမက အသင်းအဖွဲ့များ စုစည်းတည်ထောင်၍ ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးကို ထမ်းဆောင်နိုင်မည့် လူငယ်သမဝါယမအသင်းသားများ (Youth Co- Operators) ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် စည်းရုံးတာဝန်ပေးအပ်သွားရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး အထောက်အကူပြုကော်မတီ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းရင်းသားပြည်သူများအား သမဝါယမလုပ်ငန်းများဆိုင်ရာ အသိပညာပေး ဗဟုသုတများ ဖြန့်ဖြူးပေးရုံသာမက အတတ်ပညာနှင့် ပမာဏရင်းနှီးမတည်ငွေများ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည့်အတွက် ကချင်ပြည်နယ်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် လက်ဝါးယန်ဒေသရှိ တစ်ပိုင်တစ်နိုင် သဘာဝကျွန်းစိုက်ခင်းများနှင့် လယ်ယာမြေများဖော်ထုတ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဒေသခံတိုင်းရင်းသားများက ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ငွေထုကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းခန်းမ၌ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံသည်။

ဆက်လက်၍ နောင်ချိန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ကျေးရွာခန်းမ၌ ဒေသခံတိုင်းရင်းသားများအား လည်းကောင်း တွေ့ဆုံသည်။

သမဝါယမဝန်ကြီးဌာနသည် ကချင်ပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့အတွင်း ရပ်ကွက်/ကျေးရွာများ၌ သမဝါယမအသင်းအစုအဖွဲ့ ၃၂ သင်းဖွဲ့စည်းပေးနိုင်ခဲ့ပြီး အသင်းသား ၂၅၅၂ ဦးကို အသားတင်ပံ့ပိုးငွေ ကျပ် ၁၆၆၈ သိန်းကျော်ဖြင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

◆ ပြည်ထောင်စုမှ

မိုင်တိုင်အမှတ်(၈၃/၃)နှင့် (၈၃/၄) အကြား စက်ယန္တရားဖြင့် တောင်ကြောဖြတ်ထုတ်၍ လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းသားနိမ့်ကျပြီး လမ်းသားပဲ့ကျသည့်နေရာတွင် ကတုတ်များရိုက်၍ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြေပြိုကျသည့်နေရာများတွင် လိုအပ်ပါက ခိုင်ခံ့အောင် ကျောက်စီမြေထိန်းနံရံနှင့် မြေကာနံရံများပြုလုပ်ပေးရန်၊ ရေစီးရေလာ ကောင်းမွန်ရန်အတွက် ရေမြောင်းများ ဖောက်လုပ်ပေးရန်နှင့် နိမ့်ကျသွားသည့် နေရာများတွင် အမာခံ သိပ်သည်းမှုရရှိအောင် ခင်းကြိတ်ပြီးမှ ကတ္တရာလမ်းအဆင့် ပြန်လည်ပြုပြင်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုးကြီးမှုကြောင့် ကတ္တရာလမ်းသား နိမ့်ကျမှု၊ ပြိုကျနေမှုများကို အထူးအဖွဲ့ ငါးဖွဲ့၊ ခရိုင်အဖွဲ့နှစ်ဖွဲ့၊ စုစုပေါင်း ခုနစ်ဖွဲ့ဖြင့် လူအင်အား၊ စက်ယန္တရားအင်အား အသုံးပြုကာ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါလမ်း မိုင်တိုင်အမှတ်(၇၁/၄)နှင့် (၇၁/၅)အကြား၌ စိုးမိုးရတနာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် အရှည်ပေ ၁၆၀ ရှိ မရမ်းချောင်း ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၇၀/၀)နှင့် (၇၀/၁)အကြား မြေပြိုကျသည့်နေရာတွင် မြေကာနံရံဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၄၃/၂)နှင့် (၄၃/၃) အကြား ကတ္တရာလမ်းသား လေးပေခန့် နိမ့်ကျသွားသည့်နေရာ၌ ကျောက်ထည့်၍ ပြုပြင်ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၆၄/၃)နှင့် (၆၄/၄)အကြား၌ ပြတ်ရွေ့ကြောသဏ္ဌာန် မြေနိမ့်ကျသွားသည့်နေရာတွင် ကတုတ်ရိုက်၍ ပြန်လည်ပြုပြင်နေမှုနှင့် မိုင်တိုင်အမှတ်(၆၃/၁)နှင့် (၆၃/၂) အကြား၌ အရှည်ပေ ၁၂၀ ရှိ ကရင်မသေချောင်း ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် လမ်းပိုင်းအလိုက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရန်၊ တံတားအောက် ရေစီးလမ်းကြောင်းတွင် ဒိုက်ဖတ်များ၊ သစ်တုံးများ ပိတ်ဆို့မှုမရှိအောင် ရှင်းလင်းဖယ်ရှားပေးရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ် အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့်လည်းကောင်း၊ ပြည်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံး၌ အထူးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဖွဲ့များမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း Jadeland Myanmar Group နှင့် Digicom Co.,Ltd. တို့ ပူးပေါင်း၍ IT နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲ၊ ဟောပြောပွဲနှင့် မိတ်ဆက်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် IT နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

IT နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ ပြသ၊ ဟောပြော၊ မိတ်ဆက်ပွဲအခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

Jadeland Myanmar Group နှင့် Digicom Co.,Ltd. တို့ ပူးပေါင်း၍ IT နည်းပညာနှင့် ဆက်စပ်ပစ္စည်းများပြပွဲ၊ ဟောပြောပွဲနှင့် မိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူနော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Digicom Co.,Ltd. မန်နေဂျာ ဒေါ်ယွပ်ဆိုင်းအိန်နှင့် အင်ဂျင်နီယာ ဦးမိုးကျော်သူတို့က ITနည်းပညာနှင့် ပြပွဲဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် IT နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၉-၂၀၁၁ (တနင်္ဂနွေနေ့)

[၁၃၇၃ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ "လေးကျွန်းမာန်အောင် စေတီတော်"
၇:၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၈။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)(အခြေခံပညာ ၁၅-၂၀ အဆင့်) (အမျိုးသား)
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွမ်း" (အပိုင်း-၄)**
၁၂:၃၅ ၅။ **မြန်မာရုပ်ရှင် "ဘယ်သူပြိုင်လို့လှပါတော့နိုင်" (ဇော်ဝမ်း၊ ဝင်းလှိုင်၊ အံ့ကျော်၊ တင်တင်ညို၊ တင်တင်လှ) (ဒါရိုက်တာ-ဦးသုခ)**
၂:၁၅ ၆။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀ အဆင့်) (အမျိုးသမီး)
၂:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၃၀ ၈။ အတီးပြိုင်ပွဲ
၂:၅၀ ၉။ International News
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Southern Myanmar အသင်းနှင့် ရတနာပုံအသင်း)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၈)**
၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "ဈေးကောင်းပေးလျှင် ရောင်းရန်ရှိသည်" (လုလု၊ လင်းမြတ်ဟိန်း၊ မိုးထက်ဝင့်၊ ဦးဝင်းမြိုင်၊ ခင်မို့မို့အေး) [ဒါရိုက်တာ-မေတင်(MMG)]
၇:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၁၂)**
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၄၆)**
၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၆)**
၁၃။ အစီအစဉ်ပြီး၏။

အင်းစိန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူများအား အခွန်ပညာပေး ဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ပြည်တွင်းအခွန် လက်ထောက်ညွှန်မှူး ဦးမြင့်နိုင် ရှင်းလင်းပြောကြားစဉ်။ (၅၄၁)

ရေခြေရာ -၂

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

ကမ္ဘာ့လူဦးရေသည် ယခုနှစ်တွင် ၇ ဘီလီယံသို့ ရောက်ရှိမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ၉ ဘီလီယံသို့ ရောက်ရှိနိုင်ကြောင်း၊ လူဦးရေတိုးပွားနှုန်းသည် အထူးသဖြင့် အာဖရိကနှင့် တောင်အာရှရှိ ဆင်းရဲသောနိုင်ငံများတွင် ပို၍မြင့်မားမည်ဖြစ်သဖြင့် တိုးပွားလာသူများအား ကျွေးမွေးနိုင်ရန်အတွက် လာမည့်နှစ် (၄၀)အတွင်း ထုတ်လုပ်ရမည့် ရိက္ခာပမာဏသည် လွန်ခဲ့သော နှစ်ပေါင်း (၈၀၀၀)ကာလအတွင်းက ထုတ်လုပ်ခဲ့သည့် ရိက္ခာပမာဏနှင့် တူညီမည်ဖြစ်ကြောင်း၊ လူသားများသည် လက်ရှိ လမ်းကြောင်းအတိုင်းသာ ဆက်လက် ကျင့်သုံးနေထိုင်ကြဦးမည်ဆိုပါက ခရစ်နှစ် ၂၀၅၀ သို့ ရောက်ရှိချိန်တွင် ကျွန်ုပ်တို့၏ကမ္ဘာဂြိုဟ်ကြီးကို မှတ်မိသိရှိနိုင်သည့် အနေအထားတွင် တွေ့မြင်ကြရမည်မဟုတ်တော့ကြောင်း၊ တိုးပွားလာသည့် လူဦးရေက ပြဿနာများကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များယိုယွင်းခြင်း၊ ပျောက်ကွယ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်းကို American Association for the Advancement of Science (AAAS) ၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ပါရဂူများက ပြောကြားခဲ့ကြပါသည်။ သဘာဝအရင်းအမြစ်များ၌ ရေသည် လူသားများနှင့် သက်ရှိများ၊ အပင်များအတွက် အဓိကအရေးကြီးဆုံး အရင်းအမြစ်ဖြစ်သဖြင့် ရေအရင်းအမြစ်များ၏ အခြေအနေနှင့် ရေသုံးစွဲမှုအခြေအနေ (**ရေခြေရာ - Water Footprint**) များကို သိရှိထားရန် အလွန်အရေးကြီးပါသည်။

ကမ္ဘာ့ရေထု (Hydrosphere) သည် ဒြပ်ထုအားဖြင့် ၁.၄×၁၀^{၁၈} မက်ထရစ်တန် (ဘီလီယံ သန်းပေါင်း ၁၄၀၀ မက်ထရစ်တန်)ခန့် ရှိပါသည်။ Hydrosphere ကို "ရေထု" ဟု ခေါ်စေကာမူ "hydro" တွင် - ရေ (liquid water)၊ ရေခဲ(Ice)နှင့် ရေခိုးရေငွေ့(water vapour)တို့ ပါဝင်ပါသည်။ ကမ္ဘာ့ရေထုတွင် ပင်လယ်သမုဒ္ဒရာများရှိ ရေငန်များက ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့် ပါဝင်ပြီး ရေချို (Fresh Water) များက ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ပါဝင်ပါသည်။ ရေချိုများတွင် ရေခဲမြစ်များ၊ ရေခဲတောင်များနှင့် ဝင်ရိုးစွန်းများရှိ ရေခဲပြင်များက ၁ ဒသမ ၇၆၂ ရာခိုင်နှုန်း၊ မြေအောက်ရေ (Ground Water) က ၁ ဒသမ ၇ ရာခိုင်နှုန်း၊ မြစ်ချောင်းအင်းအိုင်များ၊ ကန်များ ဆည်များနှင့် ရေတိမ်ဒေသများရှိ ရေများ (Surface Water)က သုည ဒသမ ၀၁၄ ရာခိုင်နှုန်းနှင့် လေထုနှင့် မြေဆီလွှာများရှိ ရေခိုးရေငွေ့နှင့် ရေများက သုည ဒသမ ၀၀၂ ရာခိုင်နှုန်း အသီးသီး ပါဝင်ပါသည်။ (ထုတ်ပြန်သည့်အဖွဲ့အစည်းနှင့် ခုနှစ်ကိုလိုက်၍ ကွဲလွဲမှု အနည်းငယ် ရှိတတ်ပါသည်။)

ထို့ကြောင့် ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖြင့် ဖုံးလွှမ်းထားသည်ဆိုတိုင်း ရေကို အတိုင်းအဆမရှိ သုံးစွဲ၍မရနိုင်ပါ။ လူသားများ သုံးစွဲနိုင်သောရေပမာဏသည် စုစုပေါင်း ရေပမာဏ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိခြင်းကြောင့်ဖြစ်ပါသည်။ ယင်းပမာဏထဲတွင်လည်း ရေခဲမြစ်များ၊ ရေခဲတောင်များနှင့် ရေခဲပြင်များရှိ ရေများကို ယခုလက်ငင်းသုံးစွဲ၍ မရနိုင်ခြင်းကြောင့် အမှန်တကယ် သုံးစွဲ၍ရနိုင်သော ရေပမာဏသည် ကမ္ဘာပေါ်ရှိ စုစုပေါင်း ရေပမာဏ ၏ ၂ ရာခိုင်နှုန်းခန့်ပင် မရှိပါ။

ကမ္ဘာ့ရေသုံးစွဲမှု ပမာဏသည် အခြားတွင်းထွက်ပစ္စည်းများ (ကျောက်မီးသွေး၊ ရေနံ၊ သတ္တုစသည်များ) နှင့် ယှဉ်လျှင် မြောက်မြားစွာ ပိုမိုများပြားပြီး တစ်နှစ်သုံးစွဲမှုသည် တွင်းထွက်ပစ္စည်းများ၏ အဆပေါင်း တစ်ထောင်ခန့်ရှိကြောင်း၊ အချို့ဒေသများတွင် ရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ပို၍လည်း ဖြစ်ပေါ်ရန်ရှိကြောင်း၊ အကျိုးဆက်အဖြစ် စီးပွားရေးပျက်ယွင်းမှုများနှင့် လူအများ ဘေးဒုက္ခရောက်မှုများနှင့် ကြုံတွေ့ကြရလိမ့်မည် ဖြစ်ကြောင်း၊ ၂၀ ရာစုတွင် "ရေနံ အရေးအခင်း" ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခု ၂၁ ရာစုတွင် "ရေအရေးအခင်း" (Water Crisis) ဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါသည်။

ကမ္ဘာ့လူဦးရေ အဆမတန် တိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းများ တစ်ရှိန်ထိုးတိုးတက်လာခြင်းကြောင့်လည်းကောင်း၊ အလဟဿ ဖြုန်းတီးမှုများကြောင့်လည်းကောင်း၊ ကမ္ဘာ့ရေသုံးစွဲမှုသည် သိသာထင်ရှားစွာ များပြားလာသကဲ့သို့ တစ်ဖက်တွင်လည်း ရေ(ရေချို) အရင်းအမြစ်များသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲ ဖောက်ပြန်မှုများကြောင့်လည်းကောင်း၊ မဆင်မခြင် သုံးစွဲမှုများကြောင့်လည်းကောင်း လျော့နည်းလာလျက်ရှိသည်ကို သိပ္ပံပညာရှင်များ သတိပြုမိခဲ့ကြပါသည်။

ထို့ကြောင့်ပင် နိုင်ငံအများအပြား၌ ရေသုံးစွဲရာတွင် ကုန်ကျမှုများကို ကဏ္ဍအလိုက်ခွဲခြား၍ ရေဘက်ဆိုင်ရာ ပါရဂူများက ရေခြေရာခံခြင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ကမ္ဘာကြီးတစ်ခုလုံး၏ တစ်နှစ်တာအတွင်း ရေသုံးစွဲမှု စုစုပေါင်းပမာဏသည် ၇၄၅၀ ဘီလီယံကုဗမီတာ (၁ ကုဗမီတာ = ၁၀၀၀ လီတာ = ၂၂၀ ဂါလန်) ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် တစ်နှစ်လျှင် ၉၈၇ ဘီလီယံကုဗမီတာဖြင့် ကမ္ဘာပေါ်တွင် ရေခြေရာအကြီးဆုံး နိုင်ငံ ဖြစ်ကြောင်း၊ သို့သော် အိန္ဒိယနိုင်ငံ၏ လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၇ ရာခိုင်နှုန်းထိရှိခြင်းကြောင့် အိန္ဒိယနိုင်ငံသားများအနေဖြင့် ကမ္ဘာ့ရေသုံးစွဲမှု စုစုပေါင်းပမာဏ၏ ၁၃ ရာခိုင်နှုန်းခန့်သာ သုံးစွဲကြောင်း၊ အမှန်တကယ် ရေခြေရာအကြီးဆုံး ရှိသူများမှာ အမေရိကန်နိုင်ငံသားများ ဖြစ်ကြောင်း၊ အမေရိကန်တစ်ဦးသည် တစ်နှစ်လျှင် ရေ ကုဗမီတာ ၂၄၈၀ အထိ သုံးစွဲကြောင်း၊ အခြားေ ရေခြေရာကြီးသူများမှာ ဥရောပတောင်ပိုင်းမှ ဂရိ၊ အီတလီနှင့် စပိန်နိုင်ငံသားများဖြစ်သည်။

ကမ္ဘာ့သူ၊ ကမ္ဘာ့သားများ စားသုံးရန်အတွက် လိုအပ်သည့် ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်နှစ်လျှင် ကုန်ကျသည့် ရေပမာဏ စုစုပေါင်းမှာ ၆၃၉၀ ဘီလီယံကုဗမီတာ ရှိကြောင်း၊ ယင်းပမာဏမှ ၁၃၅၉ ဘီလီယံကုဗမီတာ (၂၁ ရာခိုင်နှုန်းခန့်) သည် ဆန်စပါး စိုက်ပျိုးခြင်းအတွက် ကုန်ကျကြောင်း၊ ဒုတိယအနေဖြင့် ဂျုံစိုက်ပျိုးခြင်းဖြစ်ပြီး ၁၂ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ နယ်သာလန်နိုင်ငံမှ ပညာရှင် Hoekstra နှင့် Chapagain တို့၏ စာတမ်းအရ သိရှိရပါသည်။ ယင်းစာတမ်းတွင် ဖော်ပြပါရှိသည့် ကောက်ပဲသီးနှံအချို့နှင့် စားသောက်ကုန် အချို့ စိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံအသီးသီးအလိုက် ကုန်ကျသော ရေပမာဏများကို လေ့လာနိုင်ရန်အလို့ငှာ ဇယား (၁)နှင့် (၂)တွင် ဖော်ပြထားပါသည်။ ကောက်ပဲသီးနှံနှင့် စားသောက်ကုန် တစ်မက်ထရစ်တန် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ကုန်ကျသည့် ရေပမာဏကို ကုဗမီတာဖြင့် သတ်မှတ်လေ့ရှိပါသည်။

ဇယား (၁) - ကောက်ပဲသီးနှံအချို့၏ နိုင်ငံများအလိုက် ရေကုန်ကျမှုများ (m^3 $tonne^{-1}$)

စဉ်	အမျိုးအမည်	အမေရိကန်	တရုတ်	အိန္ဒိယ	ရုရှား	အင်ဒိုနီးရှား	ဩစတြေးလျ	ဘရာဇီး	ဂျပန်	မက္ကဆီကို	အီတလီ	နယ်သာလန်	တစ်ကမ္ဘာလုံးပျမ်းမျှ
၁	စပါး	၁၂၇၅	၁၃၂၁	၂၈၅၀	၂၄၀၁	၂၁၅၀	၁၀၂၂	၃၀၈၂	၁၂၂၁	၂၁၈၂	၁၆၇၉	-	၂၂၉၁
၂	ဆန်	၁၆၅၆	၁၇၁၆	၃၇၀၂	၃၁၁၈	၂၇၉၃	၁၃၂၇	၄၀၀၃	၁၅၈၆	၂၈၃၄	၂၁၈၀	-	၂၉၇၅
၃	ဂျုံ	၈၄၉	၆၉၀	၁၆၅၄	၂၃၇၅	-	၁၅၈၈	၁၆၁၆	၇၃၄	၁၀၆၆	၂၄၂၁	၆၁၉	၁၃၃၄
၄	ပြောင်းဖူး	၄၈၉	၈၀၁	၁၉၃၇	၁၃၉၇	၁၂၈၅	၇၄၄	၁၁၈၀	၁၄၉၃	၁၇၄၄	၅၃၀	၄၀၈	၉၀၉
၅	ပဲပုပ်	၁၈၆၉	၂၆၁၇	၄၁၂၄	၃၉၃၃	၂၀၃၀	၂၁၀၆	၁၀၇၆	၂၃၂၆	၃၇၇၇	၁၅၀၆	-	၁၇၈၉
၆	ကြံ	၁၀၃	၁၁၇	၁၅၉	-	၁၆၄	၁၄၁	၁၅၅	၁၂၀	၁၇၁	-	-	၁၇၅
၇	ဝါ	၂၅၃၅	၁၄၁၉	၈၂၆၄	-	၄၄၅၃	၁၈၈၇	၂၇၇၇	-	၂၁၂၇	-	-	၃၆၄၄
၈	ဝါဂွမ်း	၅၇၃၃	၃၂၁၀	၁၈၆၉၄	-	၁၀၀၇၂	၄၂၆၈	၆၂၈၁	-	၄၈၁၂	-	-	၈၂၄၂
၉	ဘာလီ	၇၀၂	၈၄၈	၁၉၆၆	၂၃၅၉	-	၁၄၂၅	၁၃၇၃	၆၉၇	၂၁၂၀	၁၈၂၂	၇၁၈	၁၃၈၈
၁၀	နှံစားပြောင်း	၇၈၂	၈၆၃	၄၀၅၃	၂၃၈၂	-	၁၀၈၁	၁၆၀၉	-	၁၂၁၂	၅၈၂	-	၂၈၅၃
၁၁	ဆတ် (millet)	၂၁၄၃	၁၈၆၃	၃၂၆၉	၂၈၉၂	-	၁၉၅၁	-	၃၁၀၀	၄၅၃၄	-	-	၄၅၉၆
၁၂	အုန်းသီး	-	၇၄၉	၂၂၅၅	-	၂၀၇၁	-	၁၅၉၀	-	၁၉၅၄	-	-	၂၅၄၅

ဇယား (၁)အရ- ကောက်ပဲသီးနှံများအနက် ဆတ်သည် တစ်ကမ္ဘာလုံးပျမ်းမျှ ၄၅၉၆ m^3 $tonne^{-1}$ ဖြင့် ရေခြေရာ အကြီးဆုံးဖြစ်ပြီး ဝါသည် ၃၆၄၄ m^3 $tonne^{-1}$ ဖြင့် ရေခြေရာ ဒုတိယအကြီးဆုံး ဖြစ်ပါသည်။ စပါး နှင့် ဂျုံတွင် စပါးက ၂၂၉၁ m^3 $tonne^{-1}$၊ ဂျုံက ၁၃၃၄ m^3 $tonne^{-1}$ ရှိသဖြင့် စပါးစိုက်ပျိုးခြင်းသည် ဂျုံစိုက်ပျိုးခြင်းထက် ရေကုန်ကျမှု ၇၁ ဒသမ ၇ ရာခိုင်နှုန်းခန့် ပို၍များပါသည်။

စပါးတစ်တန် ထုတ်လုပ်ရန်အတွက် ရေကုန်ကျမှု ၂၂၉၁ ကုဗ မီတာ (တစ်ကမ္ဘာလုံးပျမ်းမျှ) ရှိသော်လည်း ဆန် ၁ မက်ထရစ်တန် ထုတ်လုပ်ရာတွင် ရေ ၂၉၇၅ ကုဗမီတာ ကုန်ကျရခြင်းမှာ ဆန်ရရှိရန်အတွက် စပါးကို ကြိတ်ခွဲရာ၌ ဆန်ထွက်နှုန်း (အလေးချိန်အရ) သည် ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းခန့်သာ ထွက်ရှိခြင်းကြောင့် ဖြစ်ပါသည်။

ဇယား (၂)အရ - ကော်ဖီ(အစို) ၁ မက်ထရစ်တန် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေ ၁၇၃၇၃ ကုဗမီတာ (တစ်ကမ္ဘာလုံးပျမ်းမျှ) ကုန်ကျပြီး လက်ဖက်ခြောက်(အချို) ၁ မက်ထရစ်တန် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေကုန်ကျမှုသည် ၉၂၀၅ ကုဗမီတာသာရှိသဖြင့် ကော်ဖီထုတ်လုပ်ခြင်းသည် လက်ဖက်ခြောက် ထုတ်လုပ်ခြင်းထက် ရေကုန်ကျမှု နှစ်ဆခန့်များပါသည်။

ဇယား (၂) - စားသောက်ကုန်အချို့၏ နိုင်ငံများအလိုက် ရေကုန်ကျမှုများ (m^3 $tonne^{-1}$)

စဉ်	အမျိုးအမည်	အမေရိကန်	တရုတ်	အိန္ဒိယ	ရုရှား	အင်ဒိုနီးရှား	ဩစတြေးလျ	ဘရာဇီး	ဂျပန်	မက္ကဆီကို	အီတလီ	နယ်သာလန်	တစ်ကမ္ဘာလုံးပျမ်းမျှ
၁	ကော်ဖီ (အစို)	၄၈၆၄	၆၂၉၀	၁၂၁၈၀	-	၁၇၆၆၅	-	၁၃၉၇၂	-	၂၈၁၁၉	-	-	၁၇၃၇၃
၂	ကော်ဖီ (လှော်ပြီး)	၅၇၉၀	၇၄၈၈	၁၄၅၀၀	-	၂၁၀၃၀	-	၁၆၆၃၃	-	၃၃၄၇၅	-	-	၂၀၆၈၂
၃	လက်ဖက်ခြောက် (အချို)	-	၁၁၁၁၀	၇၀၀၂	၃၀၀၂	၉၄၇၄	-	၆၅၉၂	၄၉၄၀	-	-	-	၉၂၀၅
၄	အမဲသား	၁၃၁၉၃	၁၂၅၆၀	၁၆၄၈၂	၂၁၀၂၈	၁၄၈၁၈	၁၇၁၁၂	၁၆၉၆၁	၁၁၀၁၉	၃၇၇၆၂	၂၁၁၆၇	၁၁၆၈၁	၁၅၄၉၇
၅	ဝက်သား	၃၉၄၆	၂၂၁၁	၄၃၉၇	၆၉၄၇	၃၉၃၈	၅၉၀၉	၄၁၈၁	၄၉၆၂	၆၅၅၉	၆၃၇၇	၃၇၉၀	၄၈၅၆
၆	ဆိတ်သား	၃၃၀၈၂	၃၉၉၄	၅၁၈၇	၅၂၉၀	၄၅၄၃	၃၈၃၉	၄၁၇၅	၂၅၆၀	၁၀၂၅၂	၄၁၈၀	၂၇၉၁	၄၀၄၃
၇	သိုးသား	၅၉၇၇	၅၂၀၂	၆၆၉၂	၇၆၂၁	၅၉၁၆	၆၉၄၇	၆၂၆၇	၃၅၇၁	၁၆၈၇၈	၇၃၇၂	၅၂၉၈	၆၁၄၃
၈	ကြက်သား	၂၃၈၉	၃၆၅၂	၇၇၃၆	၅၇၆၃	၅၅၄၉	၂၉၁၄	၃၉၁၃	၂၉၇၇	၅၀၁၃	၂၁၉၈	၂၂၂၂	၃၉၁၈
၉	ကြက်ဥ	၁၅၁၀	၃၅၅၀	၇၅၃၁	၄၉၁၉	၅၄၀၀	၁၈၄၄	၃၃၃၇	၁၈၈၈၄	၄၂၇၇	၁၃၈၉	၁၄၀၄	၃၃၄၀
၁၀	နွားနို့	၆၉၅	၁၀၀၀	၁၃၆၉	၁၃၄၅	၁၁၄၃	၉၁၅	၁၀၀၁	၈၁၂	၂၃၈၂	၈၆၁	၆၄၁	၉၉၀
၁၁	နို့မှုန့်	၃၂၃၄	၄၆၄၈	၆၃၆၈	၆၂၅၃	၅၃၁၇	၄၂၅၅	၄၆၅၄	၃၇၇၄	၁၁၀၇၇	၄၀၀၅	၂၉၈၂	၄၆၀၂
၁၂	ဒိန်ခဲ	၃၄၅၇	၄၉၆၃	၆၇၉၃	၆၆၇၁	၅၆၇၅	၄၅၄၄	၄၉၆၉	၄၀၃၂	၁၁၈၀၅	၄၂၇၈	၃၁၉၀	၄၉၁၄

အမဲသားနှင့် အခြားအသားများ၏ ရေခြေရာများသည် ကောက်ပဲသီးနှံများ၏ ရေခြေရာများထက် ပို၍ကြီးရခြင်းမှာ မွေးမြူရေးတိရစ္ဆာန်များ ရှင်သန်ကြီးထွားရန်အတွက် ပြောင်း၊ ဘာလီ၊ ပဲနှင့် အခြားအနှံများ ကျွေးမွေးရခြင်းကြောင့် ဖြစ်ပါသည်။

စားသောက်ဖွယ်ရာ အမျိုးမျိုးနှင့် အဖျော်ယမကာ အမျိုးမျိုးအတွက် ကုန်ကျသော ရေပမာဏများကို ဇယား (၃) တွင် ဖော်ပြထားပါသည်။ ဤဇယားအရ- စားသောက်ဖွယ်ရာများအနက် လက်ဖက်ရည်တစ်ခွက် အတွက် ကုန်ကျသည့် ရေပမာဏမှာ ၃၅ လီတာသာရှိပြီး ကော်ဖီတစ်ခွက် အတွက် ကုန်ကျသော ရေပမာဏသည် ၂၈၀ လီတာရှိနေရခြင်းမှာ ပါဝင်သော သကြားနှင့် နို့/နို့မှုန့်တို့ ၏ ပါဝင်မှုပမာဏသည် တူညီကြသော်လည်း ကော်ဖီ စိုက်ပျိုးထုတ်လုပ်ခြင်းသည် လက်ဖက်ခြောက် စိုက်ပျိုးထုတ်လုပ်ခြင်းထက် ရေကုန်ကျမှု သိသာစွာ များသောကြောင့် ဖြစ်ပါသည်။

၈၀ $g\ m^{-2}$ အဆင့်ရှိသည့် A-4 စက္ကူတစ်ရွက် ထုတ်လုပ်ရန်အတွက် ကုန်ကျသော ရေပမာဏသည် ၁၀ လီတာရှိပါသည်။ ၈၀ $g\ m^{-2}$ ဆိုသည်မှာ ဧရိယာ တစ်စတုရန်းမီတာရှိသည့် စက္ကူတစ်ရွက်၏ အလေးချိန်သည် ၈၀ ဂရမ်ရှိခြင်း ဖြစ်ပါသည်။ A-4 စက္ကူထုပ်များတွင် စက္ကူ၏ အဆင့်အတန်းကို GSM (gram square metre) ဖြင့် ဖော်ပြလေ့ရှိပါသည်။ A-4 စက္ကူတစ်ရွက်၏ အရွယ်အစားသည် ၂၁၀ mm x ၂၉၇ mm ရှိ သဖြင့် တစ်စတုရန်းမီတာတွင် A-4 စက္ကူ ၁၆ရွက် ရှိပါသည်။ တစ်နည်းအားဖြင့် ၈၀ GSM ရှိသည့် A-4 စက္ကူတစ်ရွက်သည် ၅ ဂရမ် လေးပါသည်။

သားရေဘွတ်ဖိနပ်တစ်ရန် ထုတ်လုပ်ရန်အတွက် ရေလီတာ ၈၀၀၀ အထိ ကုန်ကျရခြင်းမှာ ဘွတ်ဖိနပ်အတွက် အဓိကကုန်ကြမ်းဖြစ်သော သားရေ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မွေးမြူရေးတိရစ္ဆာန်များ)တစ်မက်ထရစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၁၆၆၅၆ ကုဗမီတာ (တစ်ကမ္ဘာလုံးပျမ်းမျှ) ကုန်ကျထားခြင်းကြောင့် ဖြစ်ပါသည်။ ဖော်ပြပါ လီတာ ၈၀၀၀ တွင် ဘွတ်ဖိနပ်ထုတ်လုပ်ရာ၌ ကုန်ကျသော ရေများလည်း ပါဝင်ပါသည်။

ယခုဖော်ပြခဲ့သော ရေခြေရာများတွင် လူများစားသုံးသော ကောက်ပဲသီးနှံများ၊ စားသောက်ဖွယ်ရာများအတွက် ကုန်ကျသည့် **"တစ်ဆင့်ခံ ရေသုံးစွဲမှုများ"** (Indirect Use)သာ ဖြစ်ပါသည်။ စာရေးသူတို့ ကိုယ်တိုင် တိုက်ရိုက်သုံးစွဲရာတွင် ကုန်ကျသည့် ရေပမာဏများ (ရေခြေရာများ) နှင့် ပတ်သက်၍ ဆက်လက် ရေးသားပါဦးမည်။ ရေသုံးစွဲမှုများနှင့် ရေကုန်ကျမှုများကို သိရှိထားခြင်းဖြင့် အလဟဿ သုံးစွဲမှုများကိုရှောင်ရှားကြပြီး ရေကို အထိရောက်ဆုံး သုံးစွဲနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် စိတ်ဝင်စားလာကြမည် ဖြစ်ပါသည်။

ရေအရင်းအမြစ်များ လျော့နည်းသွားလျှင် သော်လည်းကောင်း၊ ပျောက်ကွယ်သွားလျှင် သော်လည်းကောင်း၊ ညစ်ညမ်းသွားလျှင်သော်လည်းကောင်း လူသားများအား ဘေးဒုက္ခများ ကျရောက်စေပြီး သဘာဝပတ်ဝန်းကျင် ပြောင်းလဲယိုယွင်းပျက်စီးနိုင်သောကြောင့် ရေကို အကန့်အသတ်မရှိ သုံးစွဲခြင်းများကို ရှောင်ရှားကြပြီး စနစ်တကျ သုံးစွဲနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။

ဇယား(၃) - စားသောက်ဖွယ်ရာ၊ အဖျော်ယမကာနှင့် ပစ္စည်းအချို့အတွက် ကုန်ကျသောရေပမာဏ

စဉ်	ပစ္စည်းအမည်	ကုန်ကျသည့် ရေပမာဏ(လီတာ)
၁	ကော်ဖီတစ်ခွက် (၂၅၀ မီလီလီတာ)	၂၈၀
၂	လက်ဖက်ရည်တစ်ခွက် (၂၅၀ မီလီလီတာ)	၃၅
၃	နွားနို့တစ်ခွက် (၂၅၀ မီလီလီတာ)	၂၀၀
၄	ပေါင်မုန့်တစ်ချပ် (၃၀ ဂရမ်)	၄၀
၅	ပေါင်မုန့်တစ်ချပ် (၃၀ ဂရမ်)နှင့် ဒိန်ခဲတစ်ချပ်(၁၀)ဂရမ်	၉၀
၆	ဟမ်ဘာဂါတစ်ခု (၁၅၀ ဂရမ်)	၂၄၀၀
၇	အာလူးကြော်တစ်ထုပ် (၂၀၀ ဂရမ်)	၁၈၅
၈	ကြက်ဥတစ်လုံး (၄၀ ဂရမ်)	၁၃၅
၉	ပန်းသီးတစ်လုံး (၁၀၀ ဂရမ်)	၇၀
၁၀	လိမ္မော်သီးတစ်လုံး (၁၀၀ ဂရမ်)	၅၀
၁၁	အာလူးတစ်လုံး (၁၀၀ ဂရမ်)	၂၅
၁၂	ခရမ်းချဉ်သီးတစ်လုံး (၇၀ ဂရမ်)	၁၃
၁၃	ပန်းသီးဖျော်ရည်တစ်ခွက် (၂၀၀ မီလီလီတာ)	၁၉၀
၁၄	လိမ္မော်ဖျော်ရည်တစ်ခွက် (၂၀၀ မီလီလီတာ)	၁၇၀
၁၅	ဘီယာတစ်ခွက် (၂၅၀ မီလီလီတာ)	၇၅
၁၆	ဝိုင်တစ်ခွက် (၁၂၅ မီလီလီတာ)	၁၂၀
၁၇	တီရှပ်တစ်ထည် (ချည်ထည်)(၂၅၀ ဂရမ်)	၂၀၀၀
၁၈	သားရေဘွတ်ဖိနပ်တစ်ရန်	၈၀၀၀
၁၉	A-4 စက္ကူတစ်ရွက် (၈၀ gm^{-2})	၁၀
၂၀	မိုက်ခရိုချစ်ပ်တစ်ခု (၂ ဂရမ်)	၃၂

Champion Challenge Cup Tournament ပြိုင်ပွဲများ
ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

ယနေ့ ကျင်းပသော စားပွဲတင် တင်းနစ်ပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပွဲစဉ်များတွင် လားရှိုးကလပ်အသင်းနှင့် မန္တလေးကလပ်အသင်း၊ အမျိုးသမီးအသင်းလိုက်ပွဲစဉ်များတွင် မန္တလေးကလပ်အသင်းနှင့် ရန်ကုန်ကလပ်အသင်းတို့သည် ဗိုလ်လုပွဲများသို့ တက်ရောက်လာကြပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် မန္တလေးကလပ်အသင်းက ပထမ၊ လားရှိုးကလပ်အသင်းက ဒုတိယ၊ ရန်ကုန်ကလပ်အသင်းနှင့် ဘားအံကလပ်အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် မန္တလေးကလပ်အသင်းက ပထမ၊ ရန်ကုန်ကလပ်အသင်းက ဒုတိယ၊ လားရှိုးကလပ်အသင်းနှင့် မကွေးကလပ်အသင်းတို့က ပူးတွဲတတိယ ရရှိသွားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပလျက်ရှိသော Champion Challenge Cup Tournament ပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲ အုပ်စုပတ်လည် ပွဲစဉ်များကို သွားရောက်ကြည့်ရှုအားပေးသည်။

စက်တင်ဘာ ၄ ရက်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲ ရှုံးထွက်ပွဲစဉ်များနှင့် တတိယနေရာလုပွဲများကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်ယူနိုက်တက် ဆက်လက်ဦးဆောင်ပြီး ဧယျာရွှေမြေနှင့် ကမ္ဘောဇတို့ နိုင်ပွဲရ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ရန်ကုန် စက်တင်ဘာ ၃

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဧယျာရွှေမြေ၊ ရန်ကုန်ယူနိုက်တက်နှင့် ကမ္ဘောဇတို့ နိုင်ပွဲများရရှိသွားသည်။

(အောင်ဆန်းကွင်း)
ဧယျာရွှေမြေ - နှစ်ဂိုး
(ဒါဆေးလ်ဗား၊ မင်းချစ်သူ)
ဉဿာယူနိုက်တက်-တစ်ဂိုး
(လစ်ပီလစ်ပီ)

(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက် - သုံးဂိုး
(ချာလက်စ်အိုဘီ၊ ကြည်လင်း၊ ကောင်းစည်သူ)
မကွေး - ဂိုးမရှိ

မကွေးကို ဂိုးပြတ်အနိုင်ယူပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာ အမှတ်ပေးဇယား ထိပ်ဆုံး နေရာကိုဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

(KBZ ကွင်း)
ကမ္ဘောဇ - သုံးဂိုး
(စိုးမင်းဦး-နှစ်ဂိုး၊ သိန်းသန်းဝင်း)
ရက္ခပူရယူနိုက်တက် - တစ်ဂိုး
(စတန်လေ)

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
Southem Myanmar - ရတနာပုံ

(အောင်ဆန်းကွင်း)
ရောဝတီယူနိုက်တက် -
ဇွဲကပင်ယူနိုက်တက်

ဧယျာရွှေမြေမှ ကျော်ကိုကို၏ ထိုးဖောက်မှုကို ဥဿာနောက်ခံလူ ဂျူနီယာ ဟန့်တားနေစဉ်။

AFF U-19 Youth Championship 2011 ပြိုင်ပွဲ
သုဝဏ္ဏကွင်း၌ စက်တင်ဘာ ၈ ရက်မှ စတင်ယှဉ်ပြိုင်ကြမည်

ရန်ကုန် စက်တင်ဘာ ၃

AFF U1-9 Youth Championship 2011 ပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်ယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ကွင်း၌ စက်တင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ကျင်းပတော့မည် ဖြစ်သည်။

အုပ်စု(က)၌ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ပြီး အုပ်စု(ခ)၌ မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ဘရူနိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပွဲချိန်များမှာ ညနေ ၃ နာရီခွဲနှင့် ၆ နာရီတို့ဖြစ်ပြီး ဝင်ကြေး ရိုးရိုးတန်းကျပ် ၁၅၀၀ နှင့် အထူးတန်း ကျပ် ၃၀၀၀ အသီးသီးသတ်မှတ်ထားသည်ဟု သိရသည်။ **ဧယျာ(မိုင်ရာ)**

မြန်မာကာယဗလမောင်များ လေ့ကျင့်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၃

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ ကာယဗလမောင်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာကာယဗလမောင်များအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော ကာယဗလမောင်များမှာ အောင်ခိုင်ဝင်း၊ အောင်ဆွေနိုင်၊ ထွန်းမင်း၊ ဆလိုင်းကျော်မင်း၊ ဇော်ဝမ်း၊ သိန်းထွန်းဦး (တပ်မတော်-ရေ)နှင့် မောင်မောင်ကြည် (လယ်/ဆည်)တို့ဖြစ်ကြပြီး အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများနှင့် ပြည်တွင်းပြိုင်ပွဲများတွင် ဆုအကြိမ်ကြိမ် ရရှိခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘာကလေ ပရီမီယာလိဂ် တစ်လတာ အကောင်းဆုံးဆု ဒီဇီကိုနှင့်ဖာဂူဆန်တို့ရရှိ

မန်ချက်စတာ စက်တင်ဘာ ၃

မန်ချက်စတာစီးတီးတိုက်စစ်မှူး ဒီဇီကိုသည် ယခုရာသီ၏ ပွဲစဉ်သုံးပွဲအတွင်း ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့သောကြောင့် ဘာကလေပရီမီယာလိဂ်၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

ပြောင်းရွှေ့လာ

အသက်(၂၅)အရွယ် ဒီဇီကိုသည် ဇန်နဝါရီလက ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီး ယခုရာသီမတိုင်မီ လိဂ်ပြိုင်ပွဲနှစ်ရပ်တွင် ဂိုးများစွာသွင်းယူပေးခဲ့သည်။

၎င်း၏ သွင်းဂိုးများကြောင့် မန်စီးတီးအသင်းမှာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် မြို့ခံပြိုင်ဘက် မန်ချက်စတာယူနိုက်တက်အသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်သည်လည်း ပွဲစဉ်သုံးပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ဘာကလေ ပရီမီယာလိဂ်၏ တစ်လတာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဘာကလေပရီမီယာလိဂ်၏ တစ်လတာ အကောင်းဆုံးနည်းပြဆုရ ဖာဂူဆန်။

အကောင်းဆုံးဆု

ဖာဂူဆန်သည် ဘာကလေပရီမီယာလိဂ် အကောင်းဆုံးဆုကို (၂၆)ကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး တစ်ရာသီစာ အကောင်းဆုံး မန်နေဂျာဆုကိုလည်း (၁၀)ကြိမ် ဆွတ်ခူးရရှိထားသည်။

ဟန်သစ်

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ပထမအကြိမ်ကျန်းမာရေးစောင့်ရှောက်မှု

ရန်ကုန် စက်တင်ဘာ ၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်တည်ထောင်ထားသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ပထမဆုံး နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု အလှူတော်လုပ်ငန်းအဖြစ် မွန်ပြည်နယ် သထုံမြို့၌ ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အထိ မျက်စိဝေဒနာရှင် ၁၈၀၀ ခန့်အား ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း၊ မျက်မှန် လိုအပ်သည့်လူနာ ၁၀၀၀ ခန့်ကို မျက်မှန်များ လှူဒါန်းခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် မျက်စိဝေဒနာရှင် ၂၅၀ ကို ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၃၅၀ အနက် နားကြပ်လိုအပ်သူ လေးဦးအား နားကြပ်များ ပေးအပ်ပြီး ခွဲစိတ်လူနာ ၃၁ ဦးကို ရွှေပါရမီဖောင်ဒေးရှင်းက အကုန်အကျခံ၍ ရန်ကုန်သို့ခေါ်ဆောင် ကုသပေးမည်ဖြစ်ကြောင်း။

သွားနှင့်ခံတွင်း ဝေဒနာရှင် ၃၆၀ အား ကြည့်ရှုစစ်ဆေး၍ သွားနုတ်ခြင်း၊ သွားဖာခြင်း၊ ဆေးပေးခြင်း၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် အထွေထွေဝေဒနာရှင် ၁၁၀၀ ကျော်အား စမ်းသပ်စစ်ဆေး၍ ရောဂါအခြေအနေအလိုက် လိုအပ်သော ဆေးဝါးများ အပြည့်အစုံလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန် ၂၅ ဦးတို့က ရောဂါစုံဝေဒနာရှင် စုစုပေါင်း ၃၆၀၀ ကျော်အား ကြည့်ရှုစစ်ဆေးကုသပေးခြင်း၊ သထုံမြို့ မြို့မိမြို့ဖများနှင့် ပရဟိတအဖွဲ့အစည်းအသီးသီးမှ လုပ်အားပေးလူငယ် ၁၀၀ ကျော်တို့က ဝေယျာဝစ္စများ စိတ်အားထက်သန်စွာ ကူညီပေးခြင်းတို့ဖြင့် ကျန်းမာရေးအကူအညီ လိုအပ်နေသူများအတွက် ကျန်းမာရေးအလှူတော်လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

(သတင်းစဉ်)

❋ ဆယ်ကျော်သက်မှ

သုတေသီများက မှတ်ချက်ပြုကြသည်။

ကြီးကောင်ဝင်စအရွယ်များ၊ လူငယ်များတွင် လေဖြတ်ရောဂါဖြစ်ပွားခြင်းသည် ဆီးချိုရောဂါ၊ ကိုလက်စထရော မြင့်မားခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲခြင်းတို့ကြောင့်ဖြစ်ကြောင်း ၁၄ နှစ်ကြာ သုတေသနပြုခဲ့ကြသူပညာရှင်များက မှတ်ချက်ပြုကြသည်ဟု သုတေသနအဖွဲ့၏ ခေါင်းဆောင် နှလုံးရောဂါနှင့် လေဖြတ်ရောဂါ ကာကွယ်တားဆီးရေးဌာနမှ ဆေးဘက်ဆိုင်ရာ အရာရှိ ဒေါက်တာမာရီဂျော့ချ်က ပြောကြားသည်။

ငယ်ရွယ်စဉ်အချိန်မှာ ကျန်းမာရေးနှင့်ညီညွတ်သည့် နေ့စဉ်လူနေမှုဘဝပုံစံများနှင့်အညီ နေထိုင်ရန်အတွက် မိမိတို့ တိုက်တွန်းအားပေးကြဖို့လိုကြောင်း၊ လေဖြတ်ခြင်းသည် ကြိုတင်ကာကွယ်နိုင်သောရောဂါဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာ ပုံစံကို စားသုံးခြင်း၊ ကာယလေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ အရက် အလွန်အကျွံသောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်းဖြင့် လေဖြတ်ရောဂါကို ကာလကြာရှည်စွာ ကာကွယ်နိုင်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

လူငယ်များအတွင်း လေဖြတ်ရောဂါဖြစ်ပွားမှု မြင့်မားလာခြင်းနှင့် ပတ်သက်သော ကျန်းမာရေးဆိုင်ရာ အစီရင်ခံချက်ကို စက်တင်ဘာ ၁ ရက်ထုတ် အာရုံကြောဆိုင်ရာ ဆေးပညာဂျာနယ်တွင် ဖော်ပြထားခြင်းဖြစ်သည်။

ဇင်ထူး

❐ ယူရို-၂၀၁၂ မှ

ဝေါလ်ကော့(ဂွ်နဆင်)၊ စကော့ပါကား၊ ဂါရတ်ဘယ်ရီ(လမ်းပတ်)၊စတီးဝင်ဒေါင်းနင်း၊ အက်ရှ်လေယန်း (မေလ်နာ) နှင့် ဝိန်းရွန်နေးတို့ပါဝင်ကစားသွားသည်။ စကော့ဒေးလ်၊ ဂျာဂျီကာ၊ လက်တန်ဘိန်းစ်နှင့် ဂျာမိန်းဒီဖိုးတို့မှာ ပွဲထွက်ခွင့်မရရှိခဲ့ပေ။

အုပ်စု (G) တွင် အင်္ဂလန်အသင်းက ခြောက်ပွဲကစားအပြီးတွင် ၁၄ မှတ် ရရှိကာ အုပ်စုကိုဦးဆောင်နေပြီး မွန်တီနီဂရိုးက ခြောက်ပွဲကစားအပြီးတွင် ၁၁ မှတ် ရရှိကာ ဒုတိယနေရာတွင် ရှိနေသည်။

အခြားပွဲစဉ် ရလဒ်များ

ဂျာမနီ ၆ - ၂ ဩစတြီးယား
အင်ဒိုရာ ၀ - ၃ အာမေးနီးယား
ရုရှား ၁ - ၀ မက်ဆီဒိုးနီးယား
ဖာရိုးကျွန်းစု ၀ - ၁ အီတလီ
အယ်လ်ဘေးနီးယား ၁ - ၂ ပြင်သစ်
နယ်သာလန် ၁၁ - ၀ ဆန်မာရီနို
ဝေးလ် ၂ - ၁ မွန်တီနီဂရိုး
ဆိုက်ပရပ်စ် ၀ - ၄ ပေါ်တူဂီ

အင်တာနက်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ ဖလာဗီရာ ပင်နက်တာက မာရီယာရှာရာပိုဗာကို အနိုင်ယူ

နယူးယောက် စက်တင်ဘာ ၃

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ပဉ္စမနေ့ပွဲစဉ်များကို စနေနေ့ နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့ရာ တတိယအဆင့်ပြိုင်ပွဲတွင် အီတလီတင်းနစ်မယ် ဖလာဗီရာ ပင်နက်တာက နာမည်ကြီး ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာကို အနိုင်ယူပြီး စတုတ္ထအဆင့်သို့ တက်သွားပြီဖြစ်သည်။

ဖလာဗီရာပင်နက်တာသည် မာရီယာရှာရာပိုဗာကို ၆-၃၊ ၃-၆၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန်မှာ ၂ နာရီကျော် ကြာမြင့်ခဲ့သည်။ တတိယအဆင့်၏ အခြားပွဲစဉ်များတွင် ဆူအီပိုင် (တရုတ်)၊ လီဆက်ကီ(ဂျာမနီ)၊ ဇော့ဗ်နာနာရီဗာ(ရုရှား)၊ မိုနီကာနီကူလက်ကူ(ရိုမေးနီးယား)၊ အန်ဂီလီရစ်ကာဘာ(ဂျာမနီ)၊ ကီရီလင်ကို(ရုရှား)နှင့် ဆာမင်သာ စတိုဆာ(ဩစတြေးလျ)တို့ အသီးသီးနိုင်ပွဲရရှိပြီး စတုတ္ထအဆင့်သို့ တက်နိုင်ခဲ့ကြသည်။

အင်တာနက်။

အရိယ သစ္စာန ဒဿနံ စေတံမင်္ဂလ မုတ္တမံ = မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

စိတ်တူကိုယ်တူ သဘောထားတူညီသူများဖြင့် သမဝါယမအသင်းများ ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်း လူငယ်သမဝါယမ အသင်းသားများ ဖြစ်ထွန်းပေါ်ပေါက်စေရန် စည်းရုံးတာဝန်ပေး

နေပြည်တော် စက်တင်ဘာ ၃

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းတို့သည် ယမန်နေ့ ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ GEC (ပညာရေး) သမဝါယမ အသင်းသားများ၊ သမဝါယမ အသင်းအစုအဖွဲ့ဝင်များ၊ ကျပန်းစျေးသည်များ၊ အနေ့းယာဉ်လုပ်သားများ၊ တောင်သူများနှင့် ဒေသခံ တိုင်းရင်းသားများ စုစုပေါင်းအင်အား ၆၀၀ ခန့် တက်ရောက်ကြသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးစိန်လှဗိုလ်က သိပ္ပံနည်းကျ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရေး၊ မိသားစုအပိုဝင်ငွေတိုးတက်ရရှိစေမည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းတူမျိုးတူအစုအဖွဲ့များ၊ စိတ်တူကိုယ်တူ သဘောထားတူညီသူများ စုစည်း၍ ကျစ်လျစ်ခိုင်မာသည့် သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ရေးတို့ကို အကြံပြု ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းတို့က ရပ်ကွက်/ကျေးရွာ သမဝါယမအသင်းများ ဖွဲ့စည်းရေး၊ အရင်းမပျောက် မတည်ငွေနှင့် လိုအပ်သည့်နည်းပညာများ၊ စျေးကွက်ရရှိရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတူ မျိုးတူ အစုအဖွဲ့များကို စိတ်တူကိုယ်တူ သဘောထားတူညီသူများဖြင့် သမဝါယမအသင်းများကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းရေးသည် သမဝါယမဝန်ကြီးဌာန၏ အဓိကကျသည့် လုပ်ငန်းတာဝန်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးဘာသာ ပေါင်းစုံ မခွဲခြားဘဲ ဒီမိုကရေစီနည်းလမ်းတကျ တန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံ တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာမှန်ကို နားလည်တန်ဖိုးထားကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသထွက်ကုန်၊ သား၊ ငါး ထုတ်လုပ်မှု ဖွံ့ဖြိုးစေရန်အတွက် မွေးမြူရေးလုပ်ငန်းစု သမဝါယမအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်စေလိုကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

အင်တာနက် ကျန်းမာရေးသတင်း

ဆယ်ကျော်သက်အရွယ်များနှင့် လူငယ်များအတွင်း လေဖြတ်ရောဂါကြောင့် ဆေးရုံတက်ရမှု မြင့်မားလာ

ဆယ်ကျော်သက်များနှင့် လူငယ်များအတွင်း လေဖြတ်ရောဂါဖြစ်ပွားမှု မြင့်မားလာကြောင်း ကျန်းမာရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် (၁၅) နှစ်မှ (၄၄) နှစ်အရွယ်အတွင်း လေဖြတ်ခြင်းကြောင့် ဆေးရုံသို့ တက်ရောက်ရမှုမှာ ၁၉၉၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အကြား သုံးပုံတစ်ပုံကျော် မြင့်မားလာခဲ့ကြောင်း အမေရိကန် ပြည်ထောင်စု ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာနမှ သုတေသီများက ပြောကြားသည်။ လူကြီးပိုင်းများတွင်သာ ဖြစ်ပွားလေ့ရှိသည့် သွေးတိုးနှင့် ဆီးချို အမျိုးအစား (၂)တို့ကဲ့သို့သော ရောဂါများ လူငယ်များတွင် ဖြစ်ပွားမှု မြင့်မားလာခြင်းကြောင့်လည်း လူငယ်လူရွယ်များအတွင်း လေဖြတ်ခြင်းကြောင့် ဆေးရုံတင်ကုသရမှု မြင့်မားလာခြင်း ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

သွေးတိုး၊ ဆီးချို၊ အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် ကိုလက်စထရောမြင့်မားခြင်းတို့သည် လေဖြတ်ရောဂါဖြစ်ပွားစေသည့် အချက်များဖြစ်ကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ✳

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်-ပေါက်ခေါင်း-တောင်ငူ ကားလမ်း မိုင်တိုင်အမှတ်(၁၀၇/၆) နှင့် (၁၀၇/၇) ကြား မြေပြိုကျသည့်နေရာတွင် မြေကာနံရံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်-ပေါက်ခေါင်း-တောင်ငူကားလမ်း ကြည့်ရှုစစ်ဆေး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး လမ်းပိုင်းအလိုက် ပြင်ဆင်ထိန်းသိမ်းရန်မှာကြား

နေပြည်တော် စက်တင်ဘာ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမှတစ်ဆင့် မိုးကြီးပြီး ကတ္တရာလမ်းသား နိမ့်ကျပျက်စီးသွားသည့် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းအပိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁၀၇/၆)နှင့် (၁၀၇/၇)အကြား မြေပြိုကျသည့်နေရာတွင် ကတုတ်များဖြင့် မြေကာနံရံဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၀၄/၀)နှင့် (၁၀၄/၁)အကြား ကတ္တရာလမ်းသားနိမ့်ကျနေမှုကို မြေဖို့ခြင်းနှင့် ကျောက်ဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၀၂/၅)နှင့် (၁၀၂/၆)အကြား သစ်သားကတုတ်များဖြင့် မြေထိန်းနံရံ ဆောင်ရွက်မှုနှင့် ရေမြောင်းဆောင်ရွက်နေမှု၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

အင်္ဂလန် နောက်ခံကစားသမား ဂယ်ရီကာဟေးလ် အဖွင့်ဂိုးသွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယူရို-၂၀၁၂ ခြေစစ်ပွဲများ ပြန်လည်ကျင်းပ ဝိန်းရွှန်နေးခြေစွမ်းပြမှုနှင့်အတူ အင်္ဂလန် အဝေးကွင်းနိုင်ပွဲရ

လန်ဒန် စက်တင်ဘာ ၃

ယူရို-၂၀၁၂ ခြေစစ်ပွဲများကို သောကြာနေ့က ကျင်းပခဲ့ရာ ဝိန်းရွှန်နေး ခြေစွမ်းပြမှုနှင့်အတူ အင်္ဂလန်အသင်း အဝေးကွင်းတွင် နိုင်ပွဲရရှိခဲ့သည်။

ဘူလ်ဂေးရီးယား ၀-၃ အင်္ဂလန်

အုပ်စု (G) မှ ဘူလ်ဂေးရီးယားနှင့် အင်္ဂလန်တို့ပွဲတွင် အင်္ဂလန်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ အင်္ဂလန်အတွက် ဂိုးများကို ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်တွင် ဂယ်ရီကာဟေးလ်နှင့် ၂၁ မိနစ်နှင့် ၄၅ မိနစ်တို့တွင် ဝိန်းရွှန်နေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် အင်္ဂလန်အသင်း၌ ဂျိုးဟတ်၊ စမောလင်း၊ ဂယ်ရီကာဟေးလ်၊ ဂျွန်တယ်ရီ၊ အက်ရှ်လေကိုး၊ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❐